# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၁)၊ အမှတ် (၃၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## မင်းဘူး(စကု)မြို့နယ်၌ မိုးစပါး ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မင်းဘူး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် လျာထားချက်မှာ ၄၀၄၃၈ ဧကရှိရာ ၁၂၇၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးမှုရေပေးဝေရာတွင် အိုင်းမဆည်မှ ၁၀၈၃၇ ဧက၊ မဲဇလီဆည်မှ ၈၃၂ ဧကနှင့် လျှပ်စစ်မြစ်ရေတင် စိုက်ပျိုးခြင်းတွင် ကန်းနီမြစ်ရေတင်စီမံကိန်းမှ ၁၈၆ ဧက၊ ကျောက်စံ မြစ်ရေတင် စီမံကိန်းမှ ၃၅ ဧက၊ အောင်ပင်လယ်မြစ်ရေတင်စီမံကိန်းမှ ၁၃ ဧက၊ မြေအောက်ရေဖြင့် ၇၇၅ ဧက၊ မိုးကောင်းသောက် (မိုးရေ) ဖြင့် ၁၁၅ ဧကဖြစ်၍ စုစုပေါင်း ၁၂၇၉၃ ဧက

*စာမျက်နှာ ၃ ကော်လံ ၁* ○






## ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများအား ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများအား ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိစားသုံးနိုင်စေရေးအတွက် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် Lwin Maung Maung Co.,Ltd. က တာမွေမြို့နယ် တာမွေကြီး (ခ) ရပ်ကွက် (၁၆၆) လမ်းတွင် ဈေးကားဖြင့် (Mobile Market) ဖွင့်လှစ်၍ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများကို ဈေးနှုန်းချိုသာစွာ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည်။

အဆိုပါ တာမွေမြို့နယ်အတွင်း (Mobile Market) ဖွင့်လှစ်၍သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်

*စာမျက်နှာ ၄ ကော်လံ ၅* ❊

## စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရမည့် ရိုးရာယဉ်ကျေးမှု အနုသုခုမပညာများ

၂၀၂၂ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မကြာမီအချိန်ကာလတွင် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းနိုင်ရေးအတွက် အရေးပါလှသည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး ပြန်လည်ပေါ်ပေါက်လာခြင်းက ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ အဆို၊ အက၊ ဂီတအနုသုခုမပညာရပ်များသည် ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည့်အလျောက် မေ့မေ့ပျောက်ပျောက် လျစ်လျူရှုထားလိုက်ပါက မကြာမီမှာပင် ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့၏ ကိုယ်ပိုင်ဟန်ပန်များဖြင့် အဆို၊ အက၊ ဂီတအနုပညာများ ပိုင်ဆိုင်ထားကြပြီး ယင်းပညာရပ်များကို အများအားဖြင့် ပညာရှင်များ၊ ဝါသနာရှင်များက ထိန်းသိမ်းထားကြသလို အများပြည်သူတို့ကလည်း လူမျိုး၏ ဝိသေသလက္ခဏာများအဖြစ် အလေးအနက် တန်ဖိုးထားကြရသည်။ လူငယ်လူရွယ်များအနေဖြင့်မူ ခေတ်ရေစီးကြောင်းအရ ပေါ်ပေါက်လာသော တေးသီချင်း၊ ဂီတနှင့် အကတို့အပေါ်တွင်သာ တိမ်းညွတ်မှုရှိကြပြီး ရိုးရာအက၊ တေးသီချင်းနှင့် ဂီတတို့ကိုမူ အများစုက စိတ်ဝင်စားမှုမရှိသလောက် နည်းပါးကြသည်။ မိမိတို့နိုင်ငံတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ကျင်းပသည့် နှစ်စဉ်နှစ်တိုင်း မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့် စသည်ဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ကြရခြင်းဖြစ်သည့်အတွက် ရိုးရာအမွေအနှစ် အဆို၊ အက၊ ဂီတတို့ သီဆိုတီးမှုတ်၊ ကခုန်မှု အလေ့အကျင့်များ နှစ်စဉ်မပျက်ရှိခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် ထိုပြိုင်ပွဲကြီး ရပ်တန့်သွားခဲ့သည့်အခါ "အကျိုးဆက်အားဖြင့် မျိုးဆက်သစ် လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောစပြုလာခြင်း၊ ထိန်းသိမ်းပြန့်ပွားနိုင်သည့် ပညာရှင်များ လျော့ပါးလာခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် လှုပ်ရှားမှုများ ခေါင်းထောင်လာရုံမျှမက ရိုးရာယဉ်ကျေးမှု၏ အမွေအနှစ်အချို့ကို ပညာရှင်ကြီးများ စိတ်မချမ်းမသာဖြစ်ရသည်အထိ ထိပါး သွေးတိုးစမ်းခြင်းများ ရှိလာကြောင်း" (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသည် တည်ရှိနေဆဲဖြစ်သည့် ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်တို့ မတိမ်မြုပ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်။ ပျူခေတ်၊ ပုဂံခေတ်တွင် မည်သို့သီဆို၊ မည်သို့တီးမှုတ်၊ မည်သို့ကခုန်ခဲ့သည်ကို မိမိတို့မသိနိုင်တော့။ အဲချင်း၊ အန်ချင်း၊ အိုင်ချင်းတို့ မည်သို့ဆိုကြသည်ကို မိမိတို့မကြားနိုင်၊ ကာချင်းဖြင့် မည်သို့သီဆို ကခုန်ကြသည်ကိုလည်း မတွေ့နိုင်တော့။ လက်လှမ်းမမီတော့ပြီဖြစ်သည့်အတွက် နံရံဆေးရေး ပန်းချီများနှင့် စာသားများမှတစ်ဆင့်သာ မှန်းဆကြရတော့သည်။ မျက်မှောက်ကာလတွင် လက်လှမ်းတမီရှိနေသေးသည့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမ ယဉ်ကျေးမှုတို့ကို စဉ်ဆက်မပြတ် ထိန်းသိမ်းရန်မှာ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## မိုးစပါးကန်ထရိုက်လယ်ယာ စာချုပ်ချုပ်ဆိုစိုက်ပျိုးသည့်တောင်သူများအား စိုက်ပျိုးစရိတ်နှင့်သွင်းအားစုများထောက်ပံ့



**ပျဉ်းမနား ဩဂုတ် ၁၄**

ကန်ထရိုက် လယ်ယာစာချုပ်ချုပ်ဆိုစိုက်ပျိုးကြသည့် တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO) ဆန်စက်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က တောင်သူများနှင့် ကန်ထရိုက် လယ်ယာစာချုပ် ချုပ်ဆိုစိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများနှင့် စိုက်ပျိုးစရိတ်၊ သွင်းအားစုများ ထောက်ပံ့ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး လယ်ယာမြေအတွက် ရေရှည်အကျိုးပြုနိုင်သည့် သဘာဝမြေဩဇာများကို စနစ်တကျ ထည့်သွင်း အသုံးပြုကြရန်လိုကြောင်း၊ သီးနှံထွက်ကုန်များ အရည်အသွေးကောင်းမွန်စေရေး ဆောင်ရွက်မှုနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးထုတ်လုပ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က ပြည်ထောင်စုနယ်မြေအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေ တစ်ကေလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပျဉ်းမနားမြို့နယ်အတွင်း ကန်ထရိုက်လယ်ယာစာချုပ် ချုပ်ဆိုစိုက်ပျိုးထားသည့် တောင်သူများအား လည်းကောင်း**(အပေါ်ပုံ)**၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က ဒက္ခိဏသီရိမြို့နယ်အတွင်း ကန်ထရိုက် လယ်ယာစာချုပ် ချုပ်ဆို စိုက်ပျိုးထားသည့် တောင်သူများအား လည်းကောင်း၊ တိုင်းဦးစီးမှူး ဦးဝင်းထိန်က လယ်ဝေးမြို့နယ်အတွင်း ကန်ထရိုက် လယ်ယာစာချုပ် ချုပ်ဆို စိုက်ပျိုးထားသည့် တောင်သူများအား လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ကန်ထရိုက် လယ်ယာစာချုပ် ချုပ်ဆိုစိုက်ပျိုးကြသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအားတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြပြီး မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO)မှ သဘာဝမြေဩဇာ စမ်းသပ် ထုတ်လုပ်နေမှုများအား လှည့်လည်ကြည့်ရှု စစ်ဆေးကာ တောင်သူအကျိုးပြု လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကန်ထရိုက် လယ်ယာစာချုပ်ချုပ်ဆို စိုက်ပျိုးကြသည့် တောင်သူများအတွက် တစ်ကေလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၂၆၇ သိန်း ငါးသောင်းကျပ်ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မင်းလွင်(ပြန်/ဆက်)**




## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

# ယခုအခါ ဈေးကွက်အနေအထားအရ အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲအခမ်းအနားနှင့် နိုင်ငံအဆင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ရုရှားဘာသာဌာနမှ ဆရာ ဆရာမများ၊ ရန်ကုန်မြို့ စီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ခရီးသွားလုပ်ငန်းဘာသာဌာနမှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ်ရရှိကြသော ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှားဘာသာစကားသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်**

သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကပင် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်လမ်းညွှန်ဝန်ဆောင်မှု သင်တန်းများအပြင် နိုင်ငံခြားဘာသာစကား သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ပါကြောင်း၊ ယခုအခါ ဈေးကွက်အနေအထားအရ အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်အတွင်း ရုရှားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သဖြင့် ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရန်အတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲသို့ ပါဝင်ပြသကာ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သံရုံးများနှင့်ချိတ်ဆက်ကာ ပါဝင်ဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြားသည်။

**တတိယအကြိမ် ထပ်ဆောင်းထိုးနှံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ်ဝန်ထမ်း ၁၂၅ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် (Booster Dose) ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံကာ တရုတ်ခရီးသွားဈေးကွက် မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နိုင်ငံတကာ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှု လွယ်ကူအဆင်ပြေစေရေး၊ ခရီးသွားဧည့်သည် ဝင်ရောက်မှု အချက်အလက်များနှင့် စာရင်းဇယားများ ပြည့်စုံစွာရရှိနိုင်ရေး၊ ဝန်ထမ်းများနှင့် ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေး၊ လာမည့်ပွင့်လင်းရာသီတွင် လေယာဉ်ခရီးစဉ်များ တိုးတက်ပြေးဆွဲနိုင်မည့် အခြေအနေများနှင့် လက်ခံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာများ၊ လုံခြုံရေးနှင့် ကျန်းမာရေးစစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။(**အပေါ်ဝဲပုံ**)ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိသည့် သတင်းနှင့်ပြန်ကြားရေးကောင်တာသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ မှန်ကန်သော သတင်းအချက်အလက်များပေးနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေး စာအုပ်များ၊ လက်ကမ်းစာစောင်များ၊ မြေပုံများ ဖြန့်ဝေပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် စပါးစိုက်ပျိုးမှုနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အစေ့ချစိုက်ပျိုးသောနည်း၊ ပျိုးထောင်စိုက်ပျိုးသော နည်းများအပြင် ဓာတ်မြေဩဇာ သုံးစွဲနည်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစသော ပွံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်မှုများ၊ စိုက်ပျိုးရေးသွင်းအားစု အသုံးပြုရေးနည်းပညာများ၊ စပါးပင်ဖျက်ပိုး နှိမ်နင်းရေးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

---

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိ တပ်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ပထမနေ့ ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ငြိမ်းချမ်းသောလူ့ဘောင် တည်ဆောက်နိုင်ရန်အတွက် လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း၊ အသင်းအဖွဲ့အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် မေတ္တာတရားရှေ့ထားကာ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်

**ပျဉ်းမနား ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ သုခစိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**လူ့ဘောင်အသိုက်အဝန်း တည်ဆောက်**

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဟူ၍ ဘာသာအယူဝါဒများ မတူကွဲပြားကြသော်လည်း မိမိတို့ယုံကြည်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်နိုင်ကြပြီး မိမိတို့ကိုးကွယ်ရာဘာသာတရား၏အဆုံးအမကိုခံယူလျက် အေးငြိမ်းချမ်းသာသော လူ့ဘောင်အသိုက်အဝန်းကို တည်ဆောက်နိုင်ကြရန် အလွန်အရေးကြီးပါကြောင်း၊ ထိုသို့ ငြိမ်းချမ်းသောလူ့ဘောင် တည်ဆောက်နိုင်ရန်အတွက် လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း၊ အသင်းအဖွဲ့အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် မေတ္တာတရားရှေ့ထားကာ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ယခုဖွဲ့စည်းလိုက်သည့် နေပြည်တော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့အနေဖြင့် ဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ခန့်အပ်လွှာများပေးအပ်**

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယကကြီးများနှင့် အလုပ်အမှုဆောင်များ၏ ခန့်အပ်လွှာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး နေပြည်တော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင်**
**(မြို့နယ်ပြန်/ဆက်)**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၁၄**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင် တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

* ရှေ့ဖုံးမှ

ညီညွတ်သည့် စားသုံးဆီများအား ဈေးနှုန်းချိုသာစွာဖြင့် လိုက်လံရောင်းချပေးနေမှု အခြေအနေများကို တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ငွေကျပ် ၃၇၀၀ နှုန်းဖြင့် ရောင်းချ**

ထိုသို့ တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို (Mobile Market) ဖွင့်လှစ်၍ သက်သာသောဈေးနှုန်းများဖြင့် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးရာတွင် စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ရာ မြို့နယ်အတွင်းရှိ ပြည်သူများ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ငွေကြေးကုန်ကျစရိတ်သက်သာ**

"စားသုံးဆီ ဈေးနှုန်းမြင့်တက်နေတဲ့ အခုလိုအချိန်မှာ ကျွန်မတို့ပြည်သူတွေအနေနဲ့ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်စေဖို့အတွက် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးတာဟာ ကျွန်မတို့ ဒေသခံပြည်သူတွေအတွက် ငွေကြေးကုန်ကျစရိတ်သက်သာရုံမက ဈေးအထိ သွားရောက်ဝယ်ယူစရာ မလိုအပ်တဲ့အတွက် အချိန်ကုန်လည်း သက်သာပါတယ်။ နောင်လည်း အခုလို လာရောက်ရောင်းချပေးစေချင်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းအောင်(တာမွေ)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာ သည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## “တူယှဉ်နွဲပျော် ဂီတပွဲတော် Season -2 ”တေးသီချင်းသီဆိုမှုပြိုင်ပွဲအတွက် နေပြည်တော်အတွင်းမှ တေးသီချင်းသီဆိုဝါသနာရှင်များ စိစစ်ရွေးချယ်

နေပြည်တော် ဩဂုတ် ၁၄

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “တူယှဉ်နွဲပျော် ဂီတပွဲတော် Season –2 ” တေးသီချင်းသီဆိုမှုပြိုင်ပွဲအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ တေးသီချင်းသီဆိုဝါသနာရှင်များ စိစစ်ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားရာတွင် ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ် ဖြစ်ပေါ်စေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်ကိုအပန်းဖြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နေပြည်တော် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် သီချင်းသီဆိုဝါသနာရှင်များအနေဖြင့် နေပြည်တော်အတွက် အားထားရသည့် အဆိုရှင်ကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည်များကိုလည်း တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး နေပြည်တော်မှ အတွင်းရေးမှူး ဦးအေးကိုကိုက ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ယင်းနောက် နေပြည်တော်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်သုံးဦးကို စိစစ်ရွေးချယ်ခဲ့ကြသည်။

အဆိုပါ “တူယှဉ်နွဲပျော် ဂီတပွဲတော် Season –2” တေးသီချင်းသီဆိုမှုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ အသက် ၃၀ ထက်မကြီးသူ ပြိုင်ပွဲဝင် သုံးဦးစီအား သက်ဆိုင်ရာအစီအစဉ်ဖြင့် ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

အောင်ကိုကို (ပြန်/ဆက်)

## “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

## ပဲခူးမြို့နယ်နှင့်သနပ်ပင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

ပဲခူး ဩဂုတ် ၁၄

ပဲခူးခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၁၂ ရက်က ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများနှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် စိုင်တီကျေးရွာအနီး ကောက်စိုက်စက်အသုံးပြု၍ မြို့နယ်ကြီးကြပ်မှုကော်မတီက စိုက်ပျိုးထားသော (ဆင်းသွယ်လတ်) ခုနစ်ဧက မျိုးစေ့ထုတ် စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် သနပ်ပင်မြို့နယ် တာဝရေတံခါးကျေးရွာရှိ တာဝရေထိန်းတံခါးသို့ သွားရောက်ပြီး ရေထိန်းတံခါးကြံ့ခိုင်မှုအခြေအနေနှင့် နွေစပါးစိုက်ဧက ၃၅၀၀ ကျော်အား ရေအပြည့်အဝပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဲခူးခရိုင်အတွင်း အသားကဏ္ဍပိုလျှံပြည့်ဝစွာ မွေးမြူထုတ်လုပ်နိုင်ရေးဆောင်ရွက်ထားရှိသည့် သနပ်ပင်မြို့နယ် ဖရဲစံပြကျေးရွာအနီးရှိ ဦးမင်းနောင်၏ မြေ ၃၅ ဧကအတွင်း ငါးတန်၊ ငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးကြင်းရွှေဝါအကောင်ရေ ၂၀၀၀၀၀ မွေးမြူထားရှိမှုနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တိုင်းရင်းကြက်အကောင်ရေ ၃၀၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)






### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## ဗုဒ္ဓဝင်စာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကျင်းပသော (၇၂) ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲ၊ (၃၈)ဖြာ မင်္ဂလာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြများအား ဂုဏ်ပြုပွဲနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းတို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ထွန်းက ကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဝင်စာမေးပွဲအောင်မြင်သူများ၊ (၃၈)ဖြာ မင်္ဂလာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် တိုင်းဒေသကြီးမှ အသင်းဝင်များ၏ သားသမီးများအနက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## မုံရွာမြို့ရှိ မုံရွာစီးပွားရေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမိတ်ဆုံစားပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာစီးပွားရေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမိတ်ဆုံစားပွဲနှင့် ဆုပေးပွဲကို ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါတက္ကသိုလ်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ကြက်တောင်ရိုက် အားကစား(အမျိုးသား) ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ပေါင်းတည်မြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ပေါင်းတည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အ.ထ.က မင်းကွက်ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးအေးကျော်က အမှာစကား ပြောကြားပြီး မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအကြောင်းနှင့် ပြိုင်ပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သွားတိုက်၊ လက်ဆေးနှင့် အာဟာရပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပြီး သံဓာတ်အားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်သူများအတွက် ဆန်နှင့်စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပဲခူး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့ နံနက်ပိုင်းက ပဲခူးမြို့နေ ပြည်သူများအတွက် ဆန်နှင့် စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆန်နှင့် စားသုံးဆီများ ရောင်းချပေးရာ၌ ယနေ့တွင် ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် မင်္ဂလာလမ်းတွင် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့်လည်းကောင်း၊ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်းဖြင့် လည်းကောင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး ပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး နောက်ရက်များတွင်လည်း ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်းသို့ အလှည့်ကျလှည့်လည်၍ အဖွဲ့နှစ်ဖွဲ့ဖြင့် လိုက်လံရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန်နှင့် စားသုံးဆီ ရောင်းချရာနေရာသို့ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

**ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် ဩဂုတ် ၁၄

**မွန်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ ကြံ့ခိုင်စေရေး၊ အရည်အချင်းပြည့်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်း၌ ကျင်းပခဲ့သည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက နိုင်ငံတော်၏ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓိကကျသည့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယခုအခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကို ကျင်းပပြုလုပ်ရခြင်းမှာ မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာစေရန်၊ ကျောင်းသားလူငယ်များဘောလုံးအားကစားနည်းကို စိတ်ဝင်စားလာစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဘောလုံးပြိုင်ပွဲများတွင် မွန်ပြည်နယ် ဘောလုံးအသင်း အောင်မြင်မှု ရရှိစေရေးအတွက် အထောက်အကူ ဖြစ်စေရန်နှင့် ကျန်းမာကြံ့ခိုင်သည့် ကျောင်းသားလူငယ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက် ကောင်းများဖြင့် ကျင်းပပေးရခြင်း ဖြစ်ကြောင်း၊ မွန်ပြည်နယ် လက်ရွေးစင်ဘောလုံးအသင်းသည် မြန်မာ့ဘောလုံးအားကစား သမိုင်းတစ်လျှောက် အောင်မြင်မှုများ ရရှိခဲ့သလို ပြီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ ဒုတိယဆု ရရှိခဲ့ကြောင်း၊ မွန်ပြည်နယ် ဘောလုံးအားကစားအဆင့်တန်း တိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပထမနေ့ ပွဲစဉ်အဖြစ် အ.ထ.က (၁၃) အသင်းနှင့် အ.ထ.က(မုဒွန်း) အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဩဂုတ် ၁၃ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းမှတ်ပုံတင်ခြင်းစနစ် ပုံစံ(၆၆/၆)များ e-ID ဆော့ဖ်ဝဲရိုက်သွင်းခြင်းလုပ်ငန်း လျာထားချက်ရာခိုင်နှုန်းပြည့်ပြီးစီး

နတ်တလင်း ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဆောင်ရွက်လျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်းမှတ်ပုံတင်ခြင်းစနစ် ပုံစံ(၆၆/၆)များ e-ID ဆော့ဖ်ဝဲရိုက်သွင်းခြင်း ဆောင်ရွက်မှုလုပ်ငန်းလျာထားချက် ရာခိုင်နှုန်းပြည့်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်တွင် အိမ်ထောင်စု လူဦးရေစာရင်းမှတ်ပုံတင်ခြင်းစနစ် ပုံစံ(၆၆/၆)များ e-ID ဆော့ဖ်ဝဲရိုက်သွင်းခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ကွန်ပျူတာအလုံး ၃၀ ဖြင့် ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး တစ်မြို့နယ်လုံးအနေဖြင့် စာရင်းဖြည့်သွင်းရမည့် လျာထားအိမ်ထောင်စုပေါင်း ၄၆၉၃၆ စုကို ဩဂုတ် ၁၂ ရက်တွင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သူထံမှ သိရသည်။



**ဝေယံဖြိုး(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြည်ပ (Qinghai, China)၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ၃ စက္ကန့်တွင် မြစ်ကြီးနားမြေလျှင်စခန်းမှ အနောက်မြောက်ဘက် ၅၉၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Qinghai, China)၊ မြောက်လတ္တီတွဒ် ၃၃ ဒသမ ၁၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၇၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**




ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# စစ်တွေမြို့ အဓိဋ္ဌာန်ဆရာတော်ကြီး ဘဒ္ဒန္တကုလရက္ခိတ၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုဝိဇာတမွေးနေ့ မင်္ဂလာပွဲကျင်းပ

စစ်တွေ ဩဂုတ် ၁၄

**ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန် ဆရာတော်ဘဒ္ဒန္တကုလရက္ခိတ မဟာထေရ် မြတ်ကြီး၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ မွေးနေ့အလှူမင်္ဂလာပွဲတော်ကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ မဟာဓေယျသိဒ္ဓိသိမ်တော်ကြီး၌ အဓိဋ္ဌာန်သာသနာပြုအဖွဲ့မှ ဦးဆောင်ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ပူဇော်ကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဆရာတော်ကြီးထံမှ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပြည်နယ်အစိုးရအဖွဲ့မှ ဆရာတော်ကြီးမွေးနေ့အတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းအား ဆရာတော်ကြီးထံဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်ကြီး၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုဝိဇာတမင်္ဂလာပွဲတော်တွင် သံဃာတော် (၇၆)ပါးတို့အား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ လူပေါင်း ၄၀၀၀ ကျော်တို့အား အာဟာရဒါန ထမင်းထုပ်၊ ဟင်းထုပ်များ ပေးကမ်းလှူဒါန်းခြင်း၊ ကံစမ်းမဲများဖောက်ခြင်းနှင့် ရခိုင်အဆိုတော်တေးသံရှင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ကုသိုလ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၈၁ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၄၁၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တို့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၃၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၂၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ ပါရမီဖြည့်ဘုန်းတော်ကြီးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မင်းကန်ကျေးရွာရှိ မင်းကန်ဘုန်းတော်ကြီးကျောင်းနှင့် ပွင့်ဖြူမြို့နယ် အရှေ့ပိုင်းရပ်ကွက်ရှိ သကျဓိတာသီလရှင်ကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြော

**ကျောက်တံခါး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်း (ဘာဘူကုန်း)ကျောင်းတွင် ယမန်နေ့က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့လွင်က ကျောင်းသားလူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ အကျင့်စာရိတ္တ ကောင်းမွန်စေရန်၊ ရည်မှန်းချက်များ ထားရှိတတ်ကြစေရန်၊ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားများ ပြုလုပ်ဆောင်ရွက်နိုင်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိပြီး ရှောင်ကြဉ်ကြရန် စသည်ဖြင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းတင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားမှူး ဒေါ်နုနုခင်တို့က ကဏ္ဍအလိုက် အသီးသီးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2” ပြိုင်ပွဲအတွက် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင် အဆိုရှင်များ ရွေးချယ်ဆုချီးမြှင့်ပွဲသို့ တက်ရောက်

**မြစ်ကြီးနား ဩဂုတ် ၁၄**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့၌ ကျင်းပသွားမည့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season–2” ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကချင်ပြည်နယ်အတွင်းရှိ ဝါသနာရှင်များအတွက် သီချင်းဆိုပြိုင်ပွဲနှင့် လူရွေးချယ်ပွဲကို ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**




အဆိုပါ တေးသီချင်းဆိုပြိုင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး တေးသီချင်းဆို ဝါသနာရှင် လူငယ်၊ မောင်မယ်များအနေဖြင့် ပြည်နယ်ကိုယ်စားပြု ရွေးချယ်သွားမည်ဖြစ်သည့်အတွက် အကောင်းဆုံးယှဉ်ပြိုင်ကြရန်နှင့် ပြည်နယ်ကိုယ်စားပြု ရွေးချယ်ခံရသူများကိုလည်း မိမိတို့အနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သီချင်းဆိုပြိုင်ပွဲဒိုင်ချုပ် ဦးG–ဇုန်းကိုက ပြိုင်ပွဲစည်းကမ်းဆိုင်ရာများ၊ ကျင်းပသွားမည့် အစီအစဉ်များနှင့် ပြည်နယ်ကိုယ်စားပြု ရွေးချယ်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ပြည်နယ်အတွင်းရှိ ပြိုင်ပွဲဝင်တေးသီချင်းဆိုဝါသနာရှင်များ၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြရာ ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်မှုကို အကဲဖြတ်စိစစ်ရွေးချယ်ခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သီချင်းဆိုပြိုင်ပွဲအတွက် တီးခတ်ပေးသည့် ဂီတပညာရှင်အားလည်းကောင်း၊ ကချင်ပြည်နယ် ညို့နှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၊ တေးရေးဆရာအဆိုတော် ဦးဖော်လားဂမ်ဖန်က ဒိုင်အဖွဲ့ဝင်များအား လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲဝင်သူများနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒိုင်အဖွဲ့မှ အကဲဖြတ်စိစစ်ရွေးချယ်ထားသည့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season–2” ပြိုင်ပွဲအတွက် ပြည်နယ်ကိုယ်စားပြုရွေးချယ်ခံရသည့် ပြိုင်ပွဲဝင် သုံးဦးအား ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





▼*ကျောဖုံးမှ*

အဆိုပါ ပြိုင်ပွဲ၌ ၈၀ ကီလိုတန်းတွင် မြန်မာလက်ဝှေ့အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း (မြန်မာ) နှင့် မွေထိုင်းချန်ပီယံ ဟန်တိုလီမာနီ (အီရန်)တို့ ယှဉ်ပြိုင်ကြကာပထမအချီ၌ ထွန်းထွန်းမင်း၏ ထောက်လက်သီးကြောင့် ဟန်တိုလီမာနီ မျက်နှာထိမိကာ အနားတောင်းခဲ့ရသည်။ ပထမအချီ၌ပင် ထွန်းထွန်းမင်း၏ လက်သီးတွဲလုံးများကြောင့် ဟန်တိုလီမာနီ ဆက်လက်အထိနာကာ အရှုံးပေးလိုက်ရသည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် စကိုင်းနက် ရွှေအောင်လံရှင် အဲမွီး(မြန်မာ)၏ ဘယ်ခြေကန်ချက်ကြောင့် ပထမအချီတွင် နယူးဇီလန်ကစ်ဘောင်ဆင် ချန်ပီယံ ချိတ်အော်လီဗာဘစ်(ရှ်) နံဘေးထိမိကာ အနားတောင်းလိုက်ရသည်။ ပထမအချီ ၄၅ စက္ကန့်တွင် အဲမွီး၏ အမြင့်ကန်ချက်ကြောင့် ချိတ်အော်လီဗာဘစ်(ရှ်) နံဘေးထိမိကာ အဲမွီးအလဲထိုး အနိုင်ရရှိသွားသည်။ ၇၀ ကီလိုတန်းတွင် ပထမတန်းချန်ပီယံနှင့် ဒဂုံအောင်လံရှင် စိုးလင်းဦး (မြန်မာ)နှင့် မွေထိုင်းလက်ဝှေ့ချန်ပီယံ ဝီဂျစ် (ထိုင်း) တို့ငါးချီပြည့် သူတင်ကိုယ်တင်ထိုးကြသော်လည်း ပူးတွဲသရေကျသွားသည်။ ၎င်းတို့ နှစ်ဦးတွေ့ဆုံမှုမှာ လေးကြိမ်မြောက်ခဲ့သော်လည်း သရေဖြစ်ခဲ့ကြသည်။ ၆၀ ကီလိုတန်းတွင် စကိုင်းနက် ရွှေအောင်လံရှင် စောဘဟိန်း (မြန်မာ) နှင့် ခွန်ခမာချန်ပီယံ သီရက် (ကမ္ဘောဒီးယား) ပြိုင်ပွဲတွင် နှစ်ဦးစလုံး ငါးချီပြည့် ယှဉ်ပြိုင်ကြကာ ပူးတွဲသရေဖြင့် လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် စကိုင်းနက် ရွှေအောင်လံရှင် မင်းထက်အောင် (မြန်မာ) နှင့် ကစ်ဘောင်ဆင် ချန်ပီယံ အလံရောနီ (အာဂျင်တီးနား) တို့ ပူးတွဲသရေဖြင့် လည်းကောင်း၊ အမျိုးသမီး စိန်ခေါ်ပွဲအဖြစ် အဖွဲ့ချုပ်လက်ရွေးစင် မေသဇင်ထူးနှင့် သံသာငြိမ့် (AMT2) တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြသော်လည်း ပူးတွဲသရေဖြစ်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ ကြည့်ရှုအားပေးကြပြီး**(အပေါ်ပုံ)** အားကစားသမားများကို ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

**အာကာစိုး**



ထွန်းထွန်းမင်း



အဲမွီး

## ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကွင်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**ကန်ကြီးထောင့် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ ကွင်းယားအရှေ့ကွင်း (သဘာဝရေပြင်)အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက်က အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ခရိုင်ငါးမျိုးစိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးမောင်မောင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်း၊ ပုသိမ်စခန်းတာဝန်ခံ ဦးမျိုးနိုင်ဦးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်၍ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း၊ ငါးခုံးမကြီးကောင်ရေ နှစ်သိန်းနှင့် ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း ငါးသောင်းအား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်

ခင်သန်းမြင့်

**ဆင်းရဲနွမ်းပါးမှုက လွတ်မြောက်စေတဲ့ လျှို့ဝှက်ချက်ဆိုတဲ့ခေါင်းစဉ်နဲ့အိမ်နီးချင်းတရုတ်နိုင်ငံက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဗီဒီယိုဖိုင်လေးတစ်ခု လူမှုကွန်ရက်စာမျက်နှာမှာ ကြည့်လိုက်ရတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေးအရှိန်အဟုန်ပြင်းစွာ တိုးတက်လာခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မတိုင်ခင်အထိကတော့ တရုတ်နိုင်ငံမှာ ဆင်းရဲနွမ်းပါးသူဦးရေ သိန်းတစ်ထောင်ခန့်ရှိခဲ့တယ်။ ရှစ်နှစ်အတွင်းမှာပဲ အဲဒီဆင်းရဲနွမ်းပါးသူတွေဟာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ခဲ့ကြတယ်လို့ဆိုပါတယ်။**

### ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်စေခဲ့တဲ့ လျှို့ဝှက်ချက်

ဒီဗီဒီယိုဖိုင်လေးမှာ ကနဦးအပိုင်းအနေနဲ့ တောင်တန်းတွေမြင့်မားပြီး ချမ်းအေးလှတဲ့ ချင်းဟိုင်တိဘက်ကုန်းပြင်မြင့်ဒေသက ဒေသခံတွေ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်စေခဲ့တဲ့ လျှို့ဝှက်ချက်ကို တင်ဆက်ခဲ့ပါတယ်။

ဒီဒေသမှာ ဆောင်းရာသီက ရှည်လျားတော့ ဒေသခံတွေဟာ စိုက်ပျိုးရေးထက် မွေးမြူရေးကိုပဲ အဓိကလုပ်ကိုင်ကြရတယ်။ နွေရာသီမှာ ရှီးပဒီးခေါ် ဆောင်းပိုးနွေမြက် အနည်းငယ်ကိုပဲ တူးနိုင်ပါတယ်။ သူတို့ရဲ့လစဉ်ဝင်ငွေဟာ တစ်ခါတလေ ယွမ်သုံးလေးရာမျှသာရှိတဲ့အတွက် စီချွမ်ပြည်နယ် ဂန်ဇီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လီထိုင်ခရိုင်ဟာ တစ်နိုင်ငံလုံးမှာ ဆင်းရဲတွင်းကနေ လွတ်မြောက်ဖို့ အခက်ခဲဆုံးနေရာတစ်ခုဖြစ်ခဲ့ပါတယ်။ သို့အတွက်ကြောင့် ဒေသန္တရအစိုးရက တတိယအဆင့်စက်မှုလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လီထိုင်ကို လူသိများအောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားကြံဆနေကြပါတယ်။

၂၀၂၀ ပြည့်နှစ် ဆောင်းဦးရာသီမှာ လီထိုင်က Ding Zhen လို့ခေါ်တဲ့ လူငယ်တစ်ယောက်ဟာ အင်တာနက်ပေါ်မှာ နာမည်ကျော်ကြားလာခဲ့ပါတယ်။ ချန်ဒူးက ဓာတ်ပုံဆရာတစ်ယောက်ဟာ လီထိုင်ကို ရောက်လာစဉ် နှင်းတောင်ခြေရဲ့မြက်ခင်းပြင်ပေါ်မှာ အပြုံးချိုချိုနဲ့မြင်းဖြူစီးပြီး နွားကျောင်းနေတဲ့ ဇန့်လူငယ်တစ်ယောက်ကို အမှတ်မထင်တွေ့ခဲ့မိတယ်။ သူ့နာမည်အပြည့်အစုံက Dingzhen Zhenzhu ဖြစ်ပါတယ်။ ဓာတ်ပုံဆရာက သူ့ကိုဓာတ်ပုံရိုက်ပြီး အင်တာနက်ပေါ်တင်လိုက်ပါတယ်။ အဲဒီဓာတ်ပုံက တစ်ညတည်းမှာပဲ အင်တာနက်ပေါ်မှာပျံ့နှံ့သွားခဲ့ပြီး like ပေါင်း သန်းချီရခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့ရဲ့မွေးရပ်မြေ လီထိုင်ကလည်း နာမည်ကျော်ကြားလာပါတယ်။

Ding Zhen ဟာ အသက် ၂၀ အရွယ်ရှိ သာမန်ဇန့်လူငယ်တစ်ယောက်ဖြစ်ပြီး ငယ်ငယ်တုန်းက အိမ်ကဆင်းရဲတာကြောင့် ကျောင်းမတက်နိုင်ဘဲ နွားကျောင်းခဲ့ရပါတယ်။ သူ့ရဲ့ဓာတ်ပုံကိုအင်တာနက်မှာတင်ပြီးတဲ့နောက် သူ့ရဲ့ရိုးရှင်းပြီးချိုသာတဲ့အပြုံးနဲ့ သူ့မွေးရပ်မြေလီထိုင်ရဲ့ လှပတဲ့သဘာဝရှုခင်းတွေဟာ တစ်ညတည်းမှာပဲ နာမည်ကြီးလာခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လုပ်ကိုင်ဆောင်ရွက်နေတဲ့ အစိုးရပိုင်ကုမ္ပဏီတစ်ခုဟာ Ding Zhen ကို ခရီးသွားလုပ်ငန်းမြှင့်တင်ရေးသံတမန်အဖြစ် ခန့်အပ်လိုက်ပါတယ်။ ဆက်လက်ပြီး Ding Zhen ရဲ့ရှုထောင့်ကနေ လီထိုင်ကိုကြော်ငြာတဲ့ ဗီဒီယိုတစ်ခုကို ရိုက်ကူးခဲ့ပါတယ်။

### ခရီးသွားဧည့်သည်ပမာဏ စံချိန်တင်

အဲဒီကြော်ငြာဗီဒီယိုဟာ မြို့နေပြည်သူတွေအနေနဲ့ မရောက်ဖူးတဲ့နေရာကို ရောက်ဖူးချင်တဲ့ စိတ်ဆန္ဒတွေဖြစ်ပေါ်လာအောင် အောင်မြင်စွာ လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ လီထိုင်ကို လာရောက်လည်ပတ်တဲ့လူတွေ တိုးပွားလာပါတယ်။ ခရီးသွားဧည့်သည်ပမာဏက စံချိန်တင်မြင့်မားခဲ့ပါတယ်။ လီထိုင်ရဲ့ ခရီးသွားလုပ်ငန်းကရတဲ့ဝင်ငွေဟာလည်း ယွမ်ငွေ သန်းနဲ့ချီပြီး မြင့်မားလာခဲ့ပါတယ်။ Ding Zhen ရဲ့ ဆယ်လီအဖြစ် ရေပန်းစားမှုကို ဒီဆင်းရဲနွမ်းပါးတဲ့ခရိုင်က အခွင့်အလမ်းအဖြစ် အမိအရဆုပ်ကိုင်နိုင်ခဲ့တဲ့အတွက် တစ်နိုင်ငံလုံးမှာ ထင်ရှားကျော်ကြားတဲ့ ခရီးသွားနေရာတစ်ခု ဖြစ်လာပါတယ်။

နာမည်ကြီးဆယ်လီရဲ့လွှမ်းမိုးမှုအပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ အစိုးရက အခြေခံအဆောက်အအုံတွေကို မြှင့်တင်ပေးခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေဖို့ လမ်းတွေကို ဖောက်လုပ်ပေးခဲ့တယ်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆိုင်းဘုတ်တွေကိုတပ်ဆင်ပြီး ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတွေကိုလည်း လေ့ကျင့်ပေးပါတယ်။ ဒ့ါအပြင်နှစ်စဉ်နှစ်တိုင်း မြင်းစီးပြိုင်ပွဲနဲ့ စက်ဘီးပြိုင်ပွဲတွေကို ကျင်းပပေးခဲ့ပါတယ်။ ဒေသန္တရခရီးသွားလုပ်ငန်းဆိုင်ရာ ဌာနကလည်း “အလှဆုံး ခန်းပါးယောကျ်ား” ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် လီထိုင်ကို တစ်ရှိန်ထိုးနာမည်ကြီးလာစေပါတယ်။ နောက်ဆုံးမှာ လီထိုင်ကို နိုင်ငံတစ်ဝန်းမှာ ကျော်ကြားလာစေတဲ့သူကတော့ ချိုမြိန်တဲ့အပြုံးပိုင်ရှင် Ding Zhen ပဲဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့နောက်မှာ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝတွေဟာလည်း ပိုမိုကောင်းမွန်လာခဲ့ပါတယ်။ ဒေသဆိုင်ရာ လက်လီရောင်းချမှု၊ စားသောက်မှု၊ ဟိုတယ်၊ တည်းခိုခန်းတွေအားလုံးဟာလည်း အကျိုးအမြတ်ကို ခံစားရပါတယ်။ နောက်ဆုံးမှာတော့ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

> **“ဆိုဗီယက်ပြည်ထောင်စုရဲ့စီမံကိန်းစီးပွားရေးစနစ်ကို ပုံတူကူးချခဲ့တဲ့အလျောက် မဟာယဉ်ကျေးမှု တော်လှန်ရေးအဆုံးသတ်သွားချိန်ကာလမှာ တရုတ်ပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကလည်း ရပ်တန့်သွားခဲ့ပါတယ်။ သာမန်အရပ်သူ အရပ်သားတွေရဲ့ နေထိုင်စားသောက်ရေးဘဝကိုလည်း အနှစ်သာရအားဖြင့် ပြောင်းလဲမပေးနိုင်ခဲ့ပါဘူး။ ၁၉၅၇ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တစ်ပြည်လုံးရှိ အမှုထမ်း၊ အရာထမ်းတွေဟာ နှစ်ပေါင်း ၂၀ အတွင်း လုပ်ခလစာ မတက်သလောက်နီးပါးဖြစ်ပြီး ပုံသေလစာလို ဖြစ်ခဲ့ပါတယ်”**

### လီထိုင်ရဲ့ခရီးသွားလုပ်ငန်း

Ding Zhen ဟာ လီထိုင်ရဲ့ပြောင်းလဲမှုတွေနဲ့ပတ်သက်ပြီး “အခု လီထိုင်ရဲ့ခရီးသွားလုပ်ငန်းဟာ အလွန်လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေပါတယ်။ သူ့ရဲ့မွေးရပ်မြေကလည်း အရင်ကထက် ပိုကောင်းလာပါတယ်။ အရင်ကဆို လျှပ်စစ်မီးလည်းမရ၊ လမ်းလည်းမရှိ၊ ဖုန်းလိုင်းလည်းမရ။ အခုဆို လျှပ်စစ်မီးရပြီ၊ ဖုန်းလိုင်းလည်းရှိပြီ၊ ကလေးတွေဟာ လေးနှစ်အရွယ်ကစပြီး ကျောင်းစတက်နေကြပါပြီ။ အခုဆို သူ့မွေးရပ်မြေဟာ ပိုကောင်းလာတဲ့အတွက် ဝမ်းသာပါတယ်”လို့ ဆိုပါတယ်။ Ding Zhen နည်းတူ ဇန့်လူငယ်အတော်များများကလည်း ကိုယ့်မွေးရပ်မြေကို လူသိများဖို့ ပူးပေါင်းဆောင်ရွက်ချင်လာကြပါတယ်။

ဒီဗီဒီယိုသတင်းဖိုင်လေးကို ကြည့်ရတာ အင်မတန်မှ စိတ်ကြည်နူးစရာဖြစ်ရသလို ဆင်းရဲမွဲတေမှုက မလွတ်ကင်းနိုင်သေးတဲ့ ကိုယ့်နိုင်ငံတွင်းက ဒေသတွေ၊ ခရိုင်တွေနဲ့ မြို့နယ်၊ ကျေးရွာတွေအတွက်လည်း အင်မတန်မှ အားကျအတုယူစရာကောင်းလှပါတယ်။

တကယ်တော့ ကွန်မြူနစ်စနစ်ပဲဖြစ်ဖြစ်၊ ဆိုရှယ်လစ်စနစ်ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်ပဲဖြစ်ဖြစ် အဓိကကတော့ ကိုယ့်နိုင်ငံက ပြည်သူတွေကို ဆင်းရဲခြင်းကလွတ်ကင်းအောင် လမ်းပြဆောင်နိုင်မယ့်အစိုးရ၊ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုက လွတ်မြောက်ရေးအတွက် ဒေသကို အကျိုးပြုမယ့် Ding Zhen လိုလူငယ်တွေ၊ ဒေသခံပြည်သူတွေရဲ့ တီထွင်ကြံဆ၊ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းတွေက ပိုပြီးအဓိကကျတယ်လို့ ကျွန်မထင်မြင်တွေးဆမိပါတယ်။

### ဆင်းရဲနွမ်းပါးမှုကို ခံစားခဲ့ကြရ

ဘယ်စနစ်ပဲဖြစ်ဖြစ် အားသာချက်၊ အားနည်းချက်၊ ကောင်းကွက်၊ ဆိုးကွက်ဆိုတာ ရှိစမြဲပါ။ တရုတ်ပြည်ဟာလည်း တစ်ချိန်က အမှားအယွင်းတွေရှိခဲ့လို့ ပြည်သူတွေဟာလည်း ဆင်းရဲနွမ်းပါးမှုကို ခံစားခဲ့ကြရတာပါပဲ။

ဆိုဗီယက်ပြည်ထောင်စုရဲ့စီမံကိန်းစီးပွားရေးစနစ်ကို ပုံတူကူးချခဲ့တဲ့အလျောက် မဟာယဉ်ကျေးမှုတော်လှန်ရေးအဆုံးသတ်သွားချိန်ကာလမှာ တရုတ်ပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကလည်း ရပ်တန့်သွားခဲ့ပါတယ်။ သာမန်အရပ်သူ အရပ်သားတွေရဲ့ နေထိုင်စားသောက်ရေးဘဝကိုလည်း အနှစ်သာရအားဖြင့် ပြောင်းလဲမပေးနိုင်ခဲ့ပါဘူး။ ၁၉၅၇ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တစ်ပြည်လုံးရှိ အမှုထမ်း၊ အရာထမ်းတွေဟာ နှစ်ပေါင်း ၂၀ အတွင်း လုပ်ခလစာ မတက်သလောက်နီးပါးဖြစ်ပြီး ပုံသေလစာလို ဖြစ်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်က တစ်ပြည်လုံးက အမှုထမ်း၊ အရာထမ်းတွေရဲ့ပျမ်းမျှလုပ်ခလစာဟာ ၆၂၄ ယွမ်ဖြစ်ပြီး ၁၉၇၆ ခုနှစ်မှာ ၅၇၅ ယွမ်ကို ကျသွားခဲ့ပါတယ်။ တက်မလာတဲ့အပြင် ပြောင်းပြန်အားဖြင့် ၄၉ ယွမ်တောင် လျော့ကျသွားခဲ့ပါတယ်။ စားသုံးကုန်ပစ္စည်းတွေကို လုံလုံလောက်လောက် မထောက်ပံ့နိုင်ခဲ့ဘူး။ ရာရှင်စနစ်နဲ့ ဝယ်ခြမ်းသုံးစွဲနေကြရတယ်။

စံနမူနာအဖြစ် ဥက္ကဋ္ဌကြီး မော်စီတုံးကိုယ်တိုင်သူကြိုက်တဲ့ဝက်သားဆီပြန်ဟင်းကို ဖြတ်ပစ်လိုက်ပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ သုံးနှစ်တာကာလအတွင်းမှာ မော်စီတုံးဟာ မွေးနေ့ကို သုံးကြိမ်ကျော်ဖြတ်ခဲ့ရာမှာ ရိုးရိုးရှင်းရှင်းလေးပဲ ကျော်ဖြတ်ခဲ့တယ်။ အရက်မရှိဘူး၊ မွေးနေ့ကိတ်မရှိဘူးလို့ ထိန်းသိမ်းထားခဲ့တဲ့ ဟင်းစာရင်းတွေအရသိရပါတယ်။ တစ်ချိန်တည်းမှာပဲ ဥက္ကဋ္ဌကြီးမော်ဟာ သူ့ရဲ့လစာကို လျှော့ချခဲ့ပြန်ပါတယ်။

ဒီသမိုင်းကာလနဲ့ပတ်သက်လို့ တိန့်ရှောင်ဖိန်က “၁၉၅၉၊ ၁၉၆၀၊ ၁၉၆၁ ဒီသုံးနှစ်ဟာ အလွန်ခက်ခဲတဲ့ကာလဖြစ်တယ်။ တခြား အပိုမပြောတော့ဘူး။ ပြည်သူအားလုံးဟာ ထမင်းဝအောင်မစားရဘူး။ ၁၉၆၂ ခုနှစ်မှာ စတင်ကောင်းလာတယ်။ တစ်စတစ်စနဲ့ ပြန်လည်နာလန်ထလာလို့ မူလအဆင့်အတန်းကို ရောက်လာတယ်။ ဒါပေမယ့် အတွေးအခေါ်အရ ပြဿနာကိုမဖြေရှင်းခဲ့လို့ ၁၉၆၆ ခုနှစ်မှာ မဟာယဉ်ကျေးမှုတော်လှန်ရေးကို စတင်လုပ်လာပြန်တယ်။ ၁၀ နှစ်တိုင်ကြာခဲ့တဲ့ ဒီမဟာယဉ်ကျေးမှု တော်လှန်ရေးဟာ ဘေးဒုက္ခကြီးတစ်ခုဖြစ်တယ်”လို့ ပြောခဲ့ပါတယ်။

### တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး

ဒါကြောင့် တိန့်ရှောင်ဖိန်ဟာ ၁၉၇၇ ခုနှစ် နိုင်ငံရေးဇာတ်ခုံပေါ် တတိယအကြိမ် ပြန်လည်ပေါ်ထွက်လာချိန်မှာ “ကျွန်တော်တို့ သိပ်ဆင်းရဲလှပါတယ်။ သိပ်ခေတ်နောက်ကျလှပါတယ်။ ဟုတ်တိုင်းမှန်ရာကို ရိုးရိုးသားသားပြောရမယ်ဆိုရင် ပြည်သူလူထုကြီးကို အားနာလှပါတယ်”လို့ ရင်တွင်းလှိုက်ဆူပြောဆိုခဲ့ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ (၁၁) ကြိမ်မြောက် ဗဟိုကော်မတီတတိယစုံညီအစည်းအဝေးအတွင်းမှာ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးကို အခြေခံနိုင်ငံတော်ပေါ်လစီတစ်ခုအဖြစ် ရေးဆွဲခဲ့ပါတယ်။ တရုတ်ပြည်ရဲ့ ကံကြမ္မာဟာ အဲဒီကစတင်ပြီး မိုးမြေသိမ့်သိမ့်တုန်လောက်အောင် အပြောင်းအလဲကြီးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ၁၉၇၀ ပြည့်နှစ်အကုန်မှာ တရုတ်ကွန်မြူနစ်ပါတီ အန်ဟွေးပြည်နယ်ကော်မတီတာဝန်ခံက လယ်သမားတစ်ယောက်ကို ဘာတောင်းဆိုချက်များရှိပါသလဲလို့ မေးမြန်းကြည့်တဲ့အခါမှာ အဲဒီလယ်သမားက သူ့ရဲ့ဗိုက်ကို ပုတ်ပြပြီး “တခြားတောင်းဆိုချက်မရှိပါဘူး။ ဗိုက်ပြည့်အောင်စားရပြီဆိုရင်ရပါပြီ”လို့ ဖြေခဲ့ဖူးသလို မြန်မာပြည်လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းက ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့မှာကျင်းပတဲ့ စော်ဘွားများညီလာခံသဘင်မှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား တက်ရောက်ခဲ့ကြတဲ့ သခင်နုဦးဘဂျမ်းနဲ့ မန်းဘခိုင်တို့က လူထုပရိသတ်ကို “ဘာများမေးစရာ ရှိကြပါသေးသလဲ၊ မေးချင်တာမေးနိုင်ပါတယ်”လို့ ပြောတဲ့အခါမှာ အင်္ကျီကိုယ်ဝတ်နွမ်းနွမ်းပါးပါးနဲ့ တောင်ပေါ်သားတစ်ယောက်က ပရိသတ်အလယ်ကထပြီး “ကျုပ်တို့ဆင်းရဲသားတွေကို ထမင်းဝအောင်လုပ်ပေးပါ”ဆိုပြီး ဗိုက်ကို လက်နဲ့ပုတ်ပြခဲ့ဖူးတယ်။ “အင်္ကျီအဝတ်အစားများများရအောင်လုပ်ပေးပါ”ဆိုပြီး အင်္ကျီအစုတ်ကိုလည်း လက်နဲ့ကိုင်ပြခဲ့ဖူးပါတယ်။

လက်ရှိမှာတော့ အိမ်နီးချင်းတရုတ်ပြည်နဲ့ မြန်မာပြည်ရဲ့အခြေအနေဟာ မိုးနဲ့မြေကွာသလို ကွာဟသွားခဲ့ပြီလို့ပဲ ကျွန်မတို့ရိုးရိုးသားသားဝန်ခံကြရမှာပါပဲ။ တိန့်ရှောင်ဖိန်က ပြုပြင်ပြောင်းလဲရေးကာလမှာ တာဝန်ရှိသူတွေကို “ခင်ဗျားတို့စကားနည်းနည်းပြောပြီး အလုပ်များများလုပ်ဖို့” တိုက်တွန်းခဲ့သလို ၁၉၉၂ ခုနှစ် တောင်ပိုင်းခရီးစဉ်အတွင်းမှာလည်း “ဆိုရှယ်လစ်စနစ်ကို စွဲစွဲမြဲမြဲ မထိန်းသိမ်းဘူး၊ တံခါးမဖွင့်ဘူး၊ စီးပွားရေးတိုးတက်အောင်မလုပ်ဘူး၊ ပြည်သူတွေရဲ့ဘဝကိုကောင်းအောင် မပြုပြင်ပေးဘူးဆိုရင် သေဖို့တစ်လမ်းပဲရှိတယ်”လို့ သတိပေးခဲ့ပြီး “မြန်မြန်တိုးတက်အောင် ခင်ဗျားတို့လုပ်ဖို့လိုမယ်”၊ “ကျုပ်တို့တစ်တွေ ခြေသေးမတွေလို မလုပ်ကြနဲ့တော့”လို့ တွန်းအားပေးပြီး တရုတ်ပြည်ကြီးကို တွန်းတင်နိုင်ခဲ့ပေမယ့် မြန်မာပြည်ကတော့ လက်ရှိအချိန်အထိ နိုင်ငံရေးပြဿနာတွေကြားမှာပဲ ပိတ်မိနေပြီး အချိန်ကုန်ခဲ့ကြရပါတယ်။

### လွတ်မြောက်နိုင်မယ့်အခွင့်အလမ်းတွ

တကယ်တမ်းမှာ ရေမြေသဘာဝသယံဇာတ ကြွယ်ဝတဲ့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးမျက်နှာစာဘက်ကို ပိုအာရုံစိုက်ပြီး တက်ညီလက်ညီကြိုးပမ်းခဲ့ကြမယ်ဆိုရင် တရုတ်ပြည်ကြီးက ဒေသခံပြည်သူအများစု ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်နိုင်ခဲ့သလို လွတ်မြောက်နိုင်မယ့်အခွင့်အလမ်းတွေ အများကြီးရှိတယ်လို့ ကျွန်မကတော့ ယုံကြည်ပါတယ်။

လူဦးရေ သန်းထောင်ချီတဲ့ တရုတ်နဲ့ အိန္ဒိယ၊ သန်းရာချီတဲ့ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ကြီးတွေ အိမ်ဘေးမှာ အရန်သင့်ရှိနေပါလျက်နဲ့ ကိုယ့်ထုတ်ကုန်တွေဟာ အခြားဒေသတွင်း ပြိုင်ဘက်နိုင်ငံတွေရဲ့ ထုတ်ကုန်တွေလောက် မျက်နှာပန်းမလှဘဲ ရောင်းမစွံဖြစ်နေရင်တော့ ကျွန်မတို့ညံ့ရာကျတာပဲပေ့ါ။

ကျွန်မကတော့ လီထိုင်ခရိုင်က အပြုံးချိုချိုနဲ့ လူငယ်ဆယ်လီလေး Ding Zhen လိုပဲ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသကို ဆင်းရဲနွမ်းပါးမှုက လွတ်မြောက်အောင် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အကျိုးဆောင်ပေးကြမယ့် မြန်မာလူငယ်လေးတွေကို မျှော်လင့်နေမိပါတယ်။ ။

# ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့အတွင်းတို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်များနှင့် နုန်းများ ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့အတွင်းတို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုန်းကြီးကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် စာသင်ကျောင်းများ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်ခဲ့သည့်နေရာများသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရေပြန်လည်ကျချိန်၌ တင်ကျန်ခဲ့သော အမှိုက်များနှင့် နုန်းများကို ဖယ်ရှားရှင်းလင်းခြင်း(ယာပုံ)၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရေဝင်ရောက်ခဲ့သည့် ဘုန်းကြီးကျောင်းများမှ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့နယ် ခရိုင်မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေးကိရိယာများ အသင့်စုဖွဲ့ထားရှိ

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သဘာဝဘေးများဖြစ်ပွားခဲ့ပါက ကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ခရိုင်မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

ထိုသို့ အသင့်စုဖွဲ့ထားရှိမှုများကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးစောလွင်အေး ဦးဆောင်၍ အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်မော်တော်ယာဉ်နှင့် အသက်ကယ်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများကို အသင့်စုဖွဲ့ထားရှိကာ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**



# ကျိုင်းတုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ နေအိမ်နှင့်အတူ မျောပါသေဆုံးခဲ့သူ နှစ်ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ နေအိမ်နှင့်အတူ မျောပါသေဆုံးခဲ့သူ နှစ်ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများကို ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက ဩဂုတ် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု ဝမ်ဆန်ရွာတွင် ဩဂုတ် ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်း၍ နေအိမ်နှင့်အတူ မျောပါသေဆုံးခဲ့သူ နှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများကို ကျန်ရစ်သူ ရေဘေးသင့်မိသားစုထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ရေဘေးသင့် မိသားစုဝင်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပေးသော မိသားစုသုံးပစ္စည်း တစ်စုံနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံကို ကျိုင်းတုံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့ လုပ်အားရှင်များက ယမန်နေ့က သွားရောက်ကူညီ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



◆*ကျောဖုံးမှ*

အဆိုပါ စိုက်ပျိုးပြီးကေအနက် မျိုးစေ့ထုတ်ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြစိုက်ကွက်မှာ ၄၁၆ ကေရှိပြီး စိုက်ပျိုးပြီးစီးသည့် စပါးသီးနှံများအထွက်နှုန်း ပိုမိုကောင်းမွန်စေရန်အတွက် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာကို ယခု (ပထမ)အကြိမ်အဖြစ် ကျေးရွာ ၁၄ ရွာမှ တောင်သူ ၂၅၈ ဦးအတွက် ဓာတ်မြေဩဇာ အိတ် ၇၉၀ ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

### သတိပေးနှိုးဆော်ချက်

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ ညနေမှ နောက် ၂၄ နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ပေခန့် ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ် များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၈၅၅ |
| 95 Ron | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၉၂၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၅၅ | ၃၂၂၅ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၁၃ | ၂၂၉၁ |
| 95 Ron | ၂၂၇၈ | ၂၃၅၇ |
| HSD (500 ppm) | ၂၅၃၇ | ၂၆၁၇ |
| HSD (50 ppm) | ၂၆၀၈ | ၂၆၉၀ |
| HSD (10 ppm) | ၂၆၀၈ | ၂၆၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လပွတ္တာမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

လပွတ္တာ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ကျောက်မှော် ကျေးရွာအုပ်စု အောက်ချောင်းကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်းရှေ့၌ ပြုလုပ်သည်။

အဆိုပါ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးသူရနှင့် အဖွဲ့ဝင်များ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၁၀၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ

နေပြည်တော် ဩဂုတ် ၁၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဘားအံ(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၃၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကန်ကြီးထောင့်မြို့တွင် ၂ ဒသမ ၁၅ လက်မ၊ ဝါးခယ်မမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မြေပုံမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၂ ဒသမ ၀၂ လက်မ၊ ပေါက်တောမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ရသေ့တောင်မြို့တွင် ၁ ဒသမ ၈၈ လက်မနှင့် မင်းပြားမြို့တွင် ၁ ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ကမ္ဘောဒီးယား၌ ယခုနှစ် ပထမခုနစ်လအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် သံသယရှိသူ ၉၁၅၁ ဦး ဖမ်းဆီးရမိ

**ဖနောင်ပင် ဩဂုတ် ၁၄**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမခုနစ်လအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် သံသယရှိသူ ဖမ်းဆီးရမိမှုနှင့် တရားမဝင် မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှု နှစ်ရပ်လုံး သိသိသာသာ မြင့်တက်လာကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဌာန (အေဒီပီ) က ဩဂုတ် ၁၃ ရက်တွင် ပြောသည်။

ကမ္ဘောဒီးယားအာဏာပိုင်များသည် ယခုနှစ် ဇန်နဝါရီနှင့် ဇူလိုင်လကြားတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် သံသယရှိသူ ၉၁၅၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း၊ ယခင်နှစ်က အလားတူကာလတွင် ၇၈၇၆ ဦးသာ ဖမ်းဆီးမှုရှိခဲ့သည့်အတွက် ယခုနှစ်တွင် ၁၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ထို့အပြင် ယခုနှစ်တွင် တရားမဝင် မူးယစ်ဆေးဝါး ၃ ဒသမ ၂၇ တန်ကို သိမ်းဆည်းရမိကြောင်းနှင့် ယခင်နှစ်က အလားတူကာလတွင် ၉၆၃ ကီလိုဂရမ်သာ သိမ်းဆည်းမှုရှိခဲ့သည့်အတွက် ယခုနှစ်တွင် ၂၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း သိရသည်။ ယခုနှစ်တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများတွင် ဘိန်းဖြူ၊ စိတ်ကြွဆေး၊ ကိုကင်း၊ ခရစ္စတယ် မက်သာဖက်တမင်းစသည့် ဆေးဝါးများ ပါဝင်ကြောင်း သိရသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် တရားမဝင်မူးယစ်ဆေးဝါးကို ညီညီညွတ်ညွတ်ဖြင့် ဦးစားပေးတိုက်ဖျက်ရန် တောင်းဆိုထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုအတွက် သေဒဏ်ချမှတ်ခြင်းမရှိကြောင်း၊ သို့သော်လည်း ၎င်းနိုင်ငံ၏ မူးယစ်ဆေးဝါး ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါး ၈၀ ဂရမ်ထက်ကျော်သော ရောင်းဝယ်ဖောက်ကားသူကို ပြစ်မှုထင်ရှားကြောင်း တွေ့ရှိလျှင် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရနိုင်ကြောင်း သိရသည်။

ဆင်ဟွာ



# အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်ရှိ ဘုရားကျောင်း၌ မီးလောင်မှုဖြစ်ပွားရာ ၄၁ ဦးထက်မနည်း သေဆုံး

**ကိုင်ရို ဩဂုတ် ၁၄**

အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်ရှိ ဘုရားကျောင်းတစ်ကျောင်း၌ မီးလောင်မှုဖြစ်ပွားသောကြောင့် သေဆုံးသူ ၄၁ ဦး ထက်မနည်းရှိပြီး ထိခိုက်



ဒဏ်ရာရရှိသူ ၁၂ ဦးရှိကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်ဘာဘာရပ်ကွက်ရှိ အဘူဆီဖင်ဘုရားကျောင်း၌ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူ အရေအတွက်ဆက်လက်မြင့်တက်နိုင်ကြောင်းနှင့် အခင်းဖြစ်ပွားရာသို့ လူနာတင်ကား ၃၇ စီး ပို့ဆောင်ထားကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**လေအေးပေးစက်မှစတင်ကာ မီးလောင်ခြင်းဖြစ်**

လျှပ်စစ်ချွတ်ယွင်းမှုမှတစ်ဆင့် ဘုရားကျောင်း ဒုတိယထပ်ရှိ လေအေးပေးစက်မှစတင်ကာ မီးလောင်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သီးခြားထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ဂျေရုဆလင်မြို့၌ ဘတ်စ်ကားတစ်စီးပေါ်တွင် ပစ်ခတ်မှုဖြစ်ပွားပြီး အနည်းဆုံး ခုနစ်ဦးဒဏ်ရာရ

**ဂျေရုဆလင် ဩဂုတ် ၁၄**

ဩဂုတ် ၁၄ ရက် အရုဏ်မတက်မီက ဂျေရုဆလင်မြို့ဟောင်းရှိ ဘတ်စ်ကား တစ်စီးပေါ်တွင် သေနတ်ပစ်ခတ်မှုအတွင်း လူခုနစ်ဦး ဒဏ်ရာရခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အစ္စရေးရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာက ပြောကြားသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် သံသယရှိသူအား စစ်ဆေးမေးမြန်းရန် ခေါ်ဆောင်သွားပြီး ၎င်း၏ သေနတ်ကို သိမ်းဆည်းရမိခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာကီဟယ်လာက အဆိုပါတိုက်ခိုက်မှုတွင် အမျိုးသား ခြောက်ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ယဲရ်လာပစ်က အဆိုပါ တိုက်ခိုက်မှုကို ရှုတ်ချခဲ့ပြီး အစ္စရေးနိုင်ငံသားပြည်သူများအား ထိခိုက်နစ်နာစေသည့် မည်သူမဆို တန်ရာတန်ကြေး ပြန်ပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ယခုဖြစ်စဉ်သည် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် အစ္စလာမ္မစ်ဂျီဟတ် စစ်သွေးကြွများကြား သုံးရက်ကြာ ပဋိပက္ခဖြစ်ပွားပြီး နောက်တစ်ပတ်ခန့်အကြာတွင် အဆိုပါ ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ၊ အေအက်ဖ်ပီ

# ဘရာဇီး၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ပင်ဂွင် ၆၀၀ နီးပါး သေဆုံးလျက် တွေ့ရှိ

**ဆော်ပေါ်လို ဩဂုတ် ၁၄**

ဘရာဇီးနိုင်ငံ တောင်ပိုင်း၌ တစ်နာရီလျှင် ၁၀၀ ကီလိုမီတာကျော်ဖြင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ဆန်တာကာတာရီနာ ကမ်းခြေများပေါ်တွင် ပင်ဂွင်အကောင်ရေ ၆၀၀ နီးပါး သေဆုံးနေသည်ကို တွေ့ရှိကြောင်း သိပ္ပံဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၁၃ ရက်တွင် ပြောသည်။

ဘရာဇီးနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်လာသော အဆိုပါ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဩဂုတ် ၉ ရက်နောက်ပိုင်းကတည်းက ကမ်းခြေများပေါ်တွင် ရေနေသတ္တဝါများ မျောပါလာခဲ့ကြောင်း ဇီဝဗေဒ ပညာရှင် ဘာရီတိုက ပြောသည်။ ထို့အပြင် ပင်လယ်စင်ရော်များ၊ လိပ်များကဲ့သို့သော တိရစ္ဆာန်များကိုလည်း တွေ့ရှိရကြောင်း ၎င်းက ဆက်ပြောသည်။

ယေဘုယျအားဖြင့် ဆိုင်ကလုန်းမုန်တိုင်း အားပျော့သွားပြီးနောက် တိရစ္ဆာန်အများစု ပေါ်လာတတ်သော်လည်း ပင်ဂွင်များသည် အခြားသော ငှက်များကဲ့သို့ မပျံသန်းနိုင်သည့်အတွက်



အားပြင်းသော လှိုင်းလုံးကြီးများမှ ရုန်းထွက် လွတ်မြောက်ရန် ပိုခက်ခဲကြောင်း တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဆန်တာ ကာတာရီတာတွင် လေတိုက်နှုန်းသည် ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ တစ်နာရီလျှင် ၁၀၀ ကီလိုမီတာကျော် ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အိုင်အက်စ်အကျဉ်းသား ၅၀ ကို ဆီးရီးယားက အီရတ်သို့ လွှဲပြောင်းပေး

**ဘဂ္ဂဒက် ဩဂုတ် ၁၄**

ဆီးရီးယားနိုင်ငံ၌ ဖမ်းဆီးရမိခဲ့သည့် အိုင်အက်စ်စစ်သွေးကြွ အကျဉ်းသား ၅၀ ကို ဩဂုတ် ၁၃ ရက်တွင် အီရတ်နိုင်ငံသို့ လွှဲပြောင်းပေးသည်။

ဆီးရီးယားနယ်စပ်မှ အီရတ်နိုင်ငံသား အိုင်အက်စ်အဖွဲ့ဝင် ၅၀ ကို အီရတ်သို့ လွှဲပြောင်းပေးအပ်ရေး သဘောတူညီမှုစာချုပ်အရ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ အကျဉ်းသားများ လွှဲပြောင်းရေး အစီအစဉ်ကို အီရတ်နိုင်ငံမြောက်ပိုင်း နင်နီဗေးပြည်နယ် ရာဘီရာနယ်စပ်တွင် ပြုလုပ်ခဲ့ကြောင်း အီရတ်စစ်တပ်နှင့် ဆက်စပ်သည့် မီဒီယာတစ်ခုက ဖော်ပြသည်။

အဆိုပါ အကျဉ်းသားများအနက် အချို့သည် အိုင်အက်စ်အဖွဲ့၏ ဒေသတွင်းခေါင်းဆောင်များဖြစ်ပြီး အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများဖြစ်ကြောင်း အီရတ်နိုင်ငံ၏ ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာဆင်အယ်လ်ခါဖာဂျီက ပြောကြားခဲ့ကြောင်း အီရတ်သတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

အီရတ်နိုင်ငံသည် ဆီးရီးယားနိုင်ငံတွင် ဖမ်းဆီးခံခဲ့ရသော အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်နေသည့် အီရတ်နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို လွှဲပြောင်းလက်ခံရရှိခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများသည် ၂၀၁၄ ခုနှစ်တွင် အီရတ်နှင့်ဆီးရီးယားပိုင်နယ်မြေအချို့ကို သိမ်းပိုက်ပြီးနောက် ၎င်းတို့၏ ပိုင်နက်နယ်မြေအဖြစ် ကြေညာခဲ့သော်လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် အီရတ်နှင့် ဆီးရီးယားတို့ရှိ ထောင်နှင့်ချီသည့် အိုင်အက်စ်အဖွဲ့ သစ္စာခံများမှာ ဖမ်းဆီးသတ်ဖြတ်ရှင်းလင်းခြင်းကို ခံခဲ့ရသည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှု ၁၀ ဦးသေဆုံး၊ ၂၆ ဦးဒဏ်ရာရရှိ

**အစ္စလမ္မာဘတ် ဩဂုတ် ၁၄**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၀ ဦးထက်မနည်း သေဆုံးပြီး ၂၆ ဦးဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာအရ နိုင်ငံအနှံ့ မိုးရွာသွန်းခြင်းနှင့် ဆက်နွှယ်သည့် ဖြစ်စဉ်များကြောင့် အနည်းဆုံး ကလေး လေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့ သေဆုံးကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်၍ ယခုရာသီမုတ်သုံမိုး ရွာသွန်းမှုကြောင့် အမျိုးသမီး ၁၁၆ ဦးနှင့် ကလေး ၂၃၀ အပါအဝင် သေဆုံးသူစုစုပေါင်း ၅၈၂ ဦးအထိ ရှိလာခဲ့ပြီး အခြား ၉၇၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် မိုးရွာသွန်းမှုကြောင့် အိမ်ခြေ ၅၁၆၅၉ လုံး၊ တံတား ၁၂၆ စင်းနှင့် စျေးဆိုင် ၄၃ ခန်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Subject (ကတ္တား) နဲ့ Verb (ကြိယာ) တို့ရဲ့ Agreement (ကိုက်ညီမှု)အကြောင်းကိုသာမက Verb to be ကို ပင်မကြိယာလိုသာမက အကူကြိယာအနေဖြင့် အသုံးပြုပုံ၊ Verb to have ကို ပင်မကြိယာလိုသာမက အကူကြိယာအနေဖြင့် အသုံးပြုပုံတွေကို ဆက်လက်ဖော်ပြထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about your vacation–2 " ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

အရင်အပတ်ကဖော်ပြခဲ့တဲ့ Present Participle Verb (Ving) ရဲ့ Present၊ Past နဲ့ Future တို့ရဲ့ ပုံစံတွေကို နမူနာဝါကျတွေနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Subject (ကတ္တား) နဲ့ Verb (ကြိယာ) တို့ရဲ့ Agreement (ကိုက်ညီမှု)အကြောင်းကိုလည်း ဆွေးနွေးထားပါတယ်။ Verb to be ကို ပင်မကြိယာလိုသာမက အကူကြိယာအနေဖြင့် အသုံးပြုပုံ၊ Verb to have ကို ပင်မကြိယာလိုသာမက အကူကြိယာအနေဖြင့် အသုံးပြုပုံတွေကိုလည်း ဆက်လက်ဖော်ပြထားပါတယ်။

Present Participle Verb (Ving) ရဲ့ Present၊ Past နဲ့ Future တို့၏ နမူနာဝါကျများ –

Examples:


| | |
|---|---|
| I am going home. | (Present Continuous) |
| You are going home. | (Present Continuous) |
| He is going home. | (Present Continuous) |
| They are going home. | (Present Continuous) |
| I was going home. | (Past Continuous) |
| She was going home. | (Past continuous) |
| Boys were going home. | (Past Continuous) |
| I shall be going home. | (Future Continuous) |
| She will be going home. | (Future Continuous) |
| Boys will be going home. | (Future Continuous) |

**Third Person Singular**

Subject (ကတ္တား) သည် Third Person Singular ဖြစ်လျှင် Present Tense မှာ ကြိယာသည်လည်း အနည်းကိန်း (V + s) ဖြစ်ရမည်။ ဥပမာ။

- **My father comes** back from Mandalay.
- **An eraser costs** two hundred kyats.
- **He sends** a letter to me.

**Verb to Be** ကို ပင်မကြိယာ သို့မဟုတ် အဓိကကြိယာအနေဖြင့်သာမက အကူကြိယာအနေဖြင့်ပါ အသုံးပြုနိုင်သည်။ ပင်မကကြိယာသို့မဟုတ် အဓိကကြိယာအနေဖြင့်အသုံးပြုသည့်အခါ "ရှိသည်။ ဖြစ်သည်။"ဟု အဓိပ္ပာယ်ရသည်။ အကူကြိယာအနေဖြင့်အသုံးပြုသည့်အခါ ကိုယ်ပိုင်အဓိပ္ပာယ်မရှိဘဲ ၎င်းနှင့်တွဲ၍အသုံးပြုသည့် ကြိယာ၏ အနက်သဘောကို သာဆောင်သည်။ ဥပမာ။




**Verb to Be used as Main Verb**

- I **am** tall.
- He **is** handsome.
- She **is** pretty.
- The material of these clothes **is** poor.

**Verb to be used as Helping Verb**

- My uncle **is coming** to our house.
- An elephant **is carrying** a big log.

**Verb to Have** ကိုလည်း ပင်မကြိယာသို့မဟုတ် အဓိကကြိယာအနေနှင့်သာမက အကူကြိယာအနေဖြင့်ပါ အသုံးပြုနိုင်သည်။ ပင်မကြိယာသို့မဟုတ် အဓိကကြိယာအနေဖြင့်အသုံးပြုသည့်အခါ "ရှိသည်" ဟု အနက်ကောက်နိုင်သည်။ Perfect Tense များနှင့်အကူကြိယာလိုတွဲသုံးသည့်အခါ ကိုယ်ပိုင်အဓိပ္ပာယ်မရှိသော်လည်း ပင်မကြိယာ၏ အဓိပ္ပာယ်ကို ပိုမိုထူးခြားစေသည်။ ဥပမာ။

**Verb to Have used as Main Verb**

- **I have** a bicycle.
- **He has** no money.
- **She has** five hundred kyats.

**Verb to Have used as Helping Verbs**

- **A new teacher has come** to our school.
- **All the students have gone** home.
- **A cat has caught** a rat.

**Subject (ကတ္တား)အများကိန်းဖြစ်လျှင် ကြိယာသည်လည်း အများကိန်းဖြစ်ရမည်။** ဥပမာ။

- **Ko Ko and Maung Maung are** in the class.
- **Bo Bo and his friend come** to our class.

**Subject (ကတ္တား) သည် တစ်ခုတည်းကိုရည်ညွှန်းသည့်အခါ အနည်းကိန်းဖြစ်ရမည်။** ဥပမာ။

- **The great writer and politician is** dead.
- **Bread and butter is** good for sick people.
- **The horse and carriage is** not here.
- **Time and tide waits** for no man.

**တစ်ခုကိန်း နာမ်/နာမ်စား နှစ်ခုတို့ကို or၊ nor၊ either … or၊ neither … nor တို့နှင့်ဆက်သွယ်ထားလျှင် Subject (ကတ္တား) သည် singular (အနည်းကိန်း) ဖြစ်သည်။** ဥပမာ။

- **Moe Moe or Thi Thi is** going to sing.
- **Either Lin Lin or his brother fails** in the monthly test.
- **Neither Ko Ko nor Ko Min has come** yet.

**တစ်ခုကိန်း နာမ်/နာမ်စားတစ်ခုကို အခြားအများကိန်းနာမ်/နာမ်စား တစ်ခုနှင့် ဆက်သွယ်ထားလျှင် Subject (ကတ္တား) သည်အများကိန်းဖြစ်သည်။** ဥပမာ။

- **Either my uncle or his sons are coming** to our village.
- **Neither Sein Sein nor her friends have** eaten anything.

## VOCABULARY (SYNONYMS)

| | | | | |
|---|---|---|---|---|
| 1. | invincible | = | unbeatable | (မလွှမ်းမိုးနိုင်သော၊ အနိုင်ယူရန်ခက်ခဲသော) |
| 2. | join | = | unite | (ပူးပေါင်းသည်။ ပေါင်းစည်းသည်) |
| 3. | jovial | = | jolly | (ပျော်ရွှင်သော၊ ရွှင်မြူးသော) |
| 4. | just | = | fair | (တရားသော၊ မျှတသော) |
| 5. | king | = | emperor | (ဘုရင်၊ ဧကရာဇ်) |
| 6. | lament | = | grieve | (ဝမ်းနည်းပူဆွေးသည်) |
| 7. | lazy | = | indolent | (ပျင်းရိသော) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about your vacation in English– 2

ဒီတစ်ပတ်မှာတော့ အားလပ်ရက်နဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about your vacation–2" ဆိုပြီးဖော်ပြလိုက်ပါတယ်။

*I'm so excited to + Vinf*

*I love + Ving*

*I'm taking the red eye.*

*I wish I could + Vinf*

*I'm going to + Vinf*

၁။ တစ်ခုခုလုပ်ဖို့၊ တစ်ခုခုကြည့်ဖို့ စသည်ဖြင့် အရမ်းစိတ်လှုပ်ရှားနေပြီလို့ ပြောချင်တဲ့အခါမှာ I'm so excited to + Vinf ပုံစံသုံးပါတယ်။ ဥပမာ –

- ***I'm so excited to see*** New York City.

၂။ အရမ်းကြိုက်တယ်၊ အရမ်းသဘောကျတယ် စသည်ဖြင့်ပြောချင်တဲ့အခါမှာတော့ I love + Ving ပုံစံသုံးပါတယ်။ ဥပမာ–

- ***I love discovering*** new places and new people.

၃။ take the red eye ဒီပုံစံကတော့ ညလုံးပေါက် လေယာဉ်ခရီးစဉ်သွားတယ်လို့ ပြောတာပါ။ ဒီမှာကတော့ I'm taking the red eye. ဆိုပြီး ပြောထားပါတယ်။ ဒီမှာထူးခြားတာက Tense အသုံးဖြစ်ပါတယ်။ I'm taking ဆိုတာ အနာဂါတ်မှာလုပ်မယ်လို့ ဆုံးဖြတ်ချက်ချထားရင် သုံးနိုင်တဲ့ Present Continuous ပုံစံဖြစ်ပါတယ်။ နောက်တစ်ပတ်မှာ လေယာဉ်ညလုံးပေါက်စီးမယ်ဆိုရင်တော့ ဒီလို ပြောနိုင်ပါတယ်။ ဥပမာ –




- Next week. ***I'm taking the red eye.***

၄။ I wish I could ကတော့ လုပ်ချင်တဲ့ဆန္ဒရှိတယ်။ တစ်ခုခုကိုလုပ်ချင်တဲ့ ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်ပြောကြားတဲ့အခါသုံးပါတယ်။ အဲဒီလိုဖြစ်ရင်တော့ ကောင်းမှာပဲဆိုတဲ့သဘောပါ။ I wish I could ရဲ့ နောက်မှာတော့ Vinf လိုက်ရပါမယ်။ ဥပမာ –

- ***I wish I could go*** with you! New York City is a magical place.

၅။ အနာဂတ်မှာလုပ်မယ်လို့ ဆုံးဖြတ်ချက်ချထားရင် သုံးနိုင်တဲ့ပုံစံတစ်မျိုးကတော့ I'm going to + Vinf ပဲဖြစ်ပါတယ်။ အနာဂတ်မှာ ပုံမှန်လုပ်မယ်ဆိုပြီး ပြောရင်တော့ will + Vinf ကိုသုံးပါတယ်။ ဥပမာ–

- ***I'm going to visit*** my brother who lives there. I will stay for a week.

**Conversation**

**I'm so excited to see New York City**

**Julie:** I just bought a ticket to New York City, **I'm so excited to see the city!**

**Sophie:** Good for you! Travelling is so much fun. **I love discovering new places and new people.** When are you leaving?

**Julie:** **Next week. I'm taking the red eye.** It was cheaper. Hopefully, I'll be able to sleep on the plane.

**Sophie: I wish I could go with you! New York City is a magical place.** You will have so much fun.

**Julie:** I hope so. **I'm going to visit my brother who lives there. I will stay for a week** and then take the train down to Washington D.C.

**Sophie:** That sounds like a great vacation. I'm looking forward to a week at the beach for my summer vacation. I just want to relax.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဩဂုတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၅၉ ရာခိုင်နှုန်းရှိ

**(၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၉၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၁၇,၈၀၆) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၃၈၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦးရှိပါသည်။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၇၁,၅၄၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၂၂၄,၃၁၇) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၁) ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | (၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၀) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၈) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၉၂) ခု | (၄)ဦး |
| **စုစုပေါင်း** | (၄,၉၅၃) ခု | (၂၉)ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၃-၈-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၇၁,၅၄၄ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၂၄,၃၁၇ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၆၇၈၉၅၃ | ၈၉၇၉၉၁၅၆ | ၁၀၆၂၃၃၃ |
| ၂။ | အိန္ဒိယ | ၄၄၂၅၃၄၆၄ | ၄၃၆၀၉၅၆၆ | ၅၂၇၀၃၇ |
| ၃။ | ပြင်သစ် | ၃၄၂၁၃၀၉၄ | ၃၃၃၇၉၁၀၈ | ၁၅၃၀၆၄ |
| ၄။ | ဘရာဇီး | ၃၄၁၆၄၈၉၁ | ၃၂၉၄၅၉၅၃ | ၆၈၁၄၈၀ |
| ၅။ | ဂျာမနီ | ၃၁၅၃၅၃၄၃ | ၃၀၁၀၄၄၀၀ | ၁၄၅၆၉၈ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၃၀၀၅၀၇၆ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၈၀၀၇၆ | ၂၀၄၁၇၉၇၂ | ၁၇၃၉၈၂ |
| ၈။ | တောင်ကိုရီးယား | ၂၁၃၅၅၉၅၈ | ၁၉၄၂၁၃၈၀ | ၂၅၆၂၃ |
| ၉။ | ရုရှား | ၁၈၈၈၁၉၅၈ | ၁၈၁၃၆၀၇၇ | ၃၈၃၁၂၅ |
| ၁၀။ | တူရကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

## ၁၄-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၃၆၅၇၈၄ | ၁၀၀၂၀၅၆၉ | ၄၃၀၉၈ |
| အင်ဒိုနီးရှား | ၆၂၈၂၇၇၄ | ၆၀၇၂၄၂၁ | ၁၅၇၂၂၆ |
| မလေးရှား | ၄၇၃၂၅၀၂ | ၄၆၅၁၈၀၅ | ၃၆၀၈၀ |
| ထိုင်း | ၄၆၂၀၄၂၅ | ၄၅၆၇၆၃၉ | ၃၁၈၃၁ |
| ဖိလစ်ပိုင် | ၃၈၃၁၉၄၁ | ၃၇၃၀၈၈၉ | ၆၁၀၃၆ |
| စင်ကာပူ | ၁၇၉၁၀၄၆ | ၁၇၀၀၄၆၅ | ၁၅၅၆ |
| မြန်မာ | ၆၁၄၃၈၉ | ၅၉၃၀၉၃ | ၁၉၄၃၅ |
| ဘရူနိုင်း | ၂၁၅၂၈၃ | ၂၀၅၇၇၃ | ၂၂၅ |
| လာအို | ၂၁၂၃၅၆ | ၂၀၈၃၄၄ | ၇၅၇ |
| ကမ္ဘောဒီးယား | ၁၃၇၂၃၆ | ၁၃၃၉၂၁ | ၃၀၅၆ |

# ဗိဿနိုးမြို့ဟောင်းမှ အနုပညာလက်ရာမြောက် ပျူအရိုးအိုးများ

**မြန်မာနိုင်ငံသည် ပျူယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ပျူမြို့ဟောင်းများကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ရာတွင် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ပြီး ဖြစ်ပါသည်။**

မြန်စာမြေ သိန်းလွင်

ဗိဿနိုးမြို့ဟောင်းဟုဆိုလျှင် ရှေးပူရာဏကျမ်းများအရ ဒွတ္တဘောင်မင်းကြီး၊ ပန်ထွာမင်းသမီး (ဗိဿနိုးဘုရင်မ)၊ သိကြားပေးသော အတုလစည်တော်ကြီးနှင့် ရန်ပယ်ချောင်းတို့၏ ဒဏ္ဍာရီကို ဆက်စပ်သိရှိကြပါသည်။ ထိုဗိဿနိုးမြို့ဟောင်းသည် မြန်မာနိုင်ငံတွင် ထင်ရှားသော ရှေးဟောင်းလူမျိုးတို့၏ မြို့တော်များအနက် ရှေးကျသော ပျူမြို့တော်တစ်ခုဖြစ်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာန၏ တူးဖော်သုတေသနပြုမှုများက သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

နေမျိုးမင်းလှသီရိသင်္ခယာရေးသော **တောင်တွင်းကြီးသမိုင်း** ဒုတိယပိုင်းတွင် ဗိဿနိုးမြို့ ပန်ထွာပြည်၏ အကြောင်းကို သင်းတွဲပြည် (တကောင်း)မှ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ မျက်မမြင်ညီနောင်နှစ်ပါးတို့ကို ဖောင်နှင့်မျှောလိုက်ခန်းမှ စတင်ပါသည်။ ညီနောင်နှစ်ပါးတို့၏ စားမြိန်စာကို ခိုးယူစားသောက်သော ရွှေနံ့ကိုင်းဘီလူးမ (မှန်နန်းရာဇဝင်တွင် စန္ဒမုခိဘီလူးမ)သည် မဟာသမ္ဘဝနှင့် ပဋိသန္ဓေကပ်ငြိလေသည်။ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့၏ မျက်စိအမြင်ကိုရအောင် ကုစားပေးပြီးနောက် ထွက်ခွာလာသော ဘီလူးမသည် တောင်တွင်းကြီးမြို့ အနောက်ဘက် ငါးတိုင်ခန့်အကွာ တောအရပ်တွင် သမီးမိန်းကလေးတစ်ယောက်ကို ဖွားမြင်လေသည်။

ထိုတောအတွင်း၌ သီတင်းသုံးနေထိုင်သော ရသေ့တစ်ပါးသည် သစ်သီးရှာဖွေ သွားလာစဉ် ဘီလူးမနှင့် ကလေးငယ်ကို တွေ့မြင်ရာတွင် သူတစ်ပါး၏ သားသမီးကိုစားရန်အလို့ငှာ ခိုးယူလာသည်ထင်မှတ်၍ မန္တန်မန္တရားဖြင့် ခြောက်လှန့်ရာ ဘီလူးမလည်း သမီးငယ်ကို ပစ်ခွာထွက်ပြေးရလေသည်။ ရသေ့လည်း သတို့သမီးငယ်ကို ကောက်ယူမွေးစား၍ အရွယ်ရောက်သောအခါ ရသေ့ရဟန်းတို့နှင့်အတူတကွ နေထိုင်ခြင်းငှာ မသင့်၍ မီးမဖုတ်သော အိုးငယ်ကိုပေးကာ ရေခပ်ယူခိုင်းလေသည်။ ရသေ့ပေးသော အိုးငယ်သည် ရေထည့်လျှင်ပင် ကွဲအက်ပျက်စီးလေသည်။ ထိုသို့ ကွဲအက်ဖန်များသောအခါ သတို့သမီးငယ်လည်း တောစောင့်တောင်စောင့်နတ်တို့ ဖျက်ဆီးခြင်းပြု၍သာ မိမိ၏ အိုးများကွဲပျက်ရပေသည်ဟု ဆိုငိုမြည်တမ်းလေသည်။ ဤသည်ကို ရှေးဘဝက မောင်နှမရင်းဖြစ်ခဲ့ဖူးသော ဗိဿနိုးနတ်မင်းကြီးကြားသိလေလျှင် ထိုမိန်းမငယ်၏ ကုသိုလ်ပုညသီလပါရမီရှိပါက ကူညီထောက်ပင့်ရမည်ဟူသော အကြံနှင့် သိကြားမင်းထံသွားရောက် **လျှောက်ထားလေသည်။**

**ဗိဿနိုးမြို့သမိုင်း**

သိကြားမင်းက ထိုမိန်းမငယ်သည် ကဿပမြတ်စွာဘုရားလက်ထက်က လက်ယာတော်ရံ အရှင်မြတ်အား ပေရွက်ယပ်တောင်လှူဒါန်းခဲ့ဖူးသည်။ ထိုသို့ လှူဒါန်းခဲ့ဖူးသော အကျိုးကြောင့် ထိုမိန်းမငယ်၏ ဖြစ်လေရာဘဝတိုင်းတွင် မစိုက်မပျိုးရဘဲ ပေပင်တို့ ပေါက်ရောက်ခြံရံသော ကနက်ထီးနန်းတွင် စံမြန်းရလိုကြောင်း ပန်ထွာဆုတောင်းခဲ့ဖူးလေသည်။ ယခုအခါတွင် ထိုသို့ဆုတောင်းခဲ့သော ကုသိုလ်ကံ၏ အကျိုးပေးရန် အချိန်ရောက်ပြီဖြစ်ကြောင်း မိန့်ကြားလိုက်သည်။ ထိုအခါ ဗိဿနိုးနတ်မင်းက အိုးများကို မကွဲမပျက်နိုင်အောင် စီမံ၍ တောင်ငယ်ပမာဏရှိ အိုးတစ်သိန်းအဖြစ် ဖန်ဆင်းပုံပေးထားလေသည်။ ထိုအရပ်ကို **အိုးသိန်းတောင်**ဟု ခေါ်ဝေါ်၍ ယခုအခါတွင် စကားရွေ့လျားလာသဖြင့် **အိုးထိန်းတောင်**ဟု ခေါ်တွင်လေသည်။



ကုန်းအမှတ် – ၂၀ (BTO–20) တူးဖော်မှုမှ ပေါ်ထွက်လာသော ပျူအရိုးအိုးများ

ထိုအရပ်ဒေသတွင်လည်း ဗိဿနိုးနတ်မင်းက စတုရန်းအားဖြင့် တာလေးထောင်ကျယ်ဝန်းသော မြို့ပြထီးနန်း ဖန်ဆင်းတည်ထောင်လေသည်။ သတို့သမီးငယ် ပန်ထွာဆုတောင်းခဲ့ဖူးသော အတိတ်စကားကြောင့် ပြည်တော်ကို ပန်ထွာပြည်၊ ဗိဿနိုးနတ်မင်းဖန်ဆင်းပေးသော မြို့ဖြစ်၍ မြို့တော်ကို ဗိဿနိုးမြို့ဟု ခေါ်ဝေါ်ကြောင်း ပါရှိလေသည်။

ဗိဿနိုးမြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးရှိ မြို့ဝင်ပေါက် တူးဖော်မှုကုန်းအမှတ်–၁၃ (KKG–13) ၏ မြို့ပြင်ဘက် အရှေ့မြောက်ကိုက် ၃၂၀ ခန့်အကွာတွင် အိုးထိန်းတောင် (သို့မဟုတ်) အိုးသိန်းတောင်ဟု အမည်တွင်သော ရှေးဟောင်းကုန်းအစုတစ်ခုရှိပါသည်။ ထိုကုန်းစုတွင် အလယ်ဗဟိုရှိ ကုန်းမြင့်တစ်ခုကို ကုန်းငယ်လေးကုန်းက ပတ်လည်ဝိုင်းရံလျက်ရှိပါသည်။ ထိုကုန်းအစု အလယ်ဗဟိုရှိ ကုန်းကို ယခင်က ကုန်းအမှတ်–၁၈ (KKG–18)ဟု တူးဖော်ခဲ့ရာစက်ဝိုင်းပုံပန္နက်ကို စတုရန်းအုတ်ရိုးပတ်ထား၍ အရှေ့ဘက်သို့ ဝင်ပေါက်လက်တံထွက်လျက်ရှိသော ဥဒ္ဒိဿစေတီပုံပန္နက်ကိုတွေ့ရှိခဲ့ရပါသည်။

ထိုကဲ့သို့ ပန္နက်ပုံမျိုးရှိသော အဆောက်အဦမျိုးကို ဗိဿနိုးမြို့ဟောင်းအတွင်းဘက်ရှိယခင်တူးဖော်မှု ကုန်းအမှတ်–၆ (KKG–6)၊ ကုန်းအမှတ်–၁၄ (KKG–14)၊ ကုန်းအမှတ်–၅ (BTO–5) နှင့် ယခုနှစ် (၂၀၀၃ ခု) တူးဖော်မှု ကုန်းအမှတ် ၁၆(BTO–16) တို့တွင် တွေ့ရှိခဲ့ရပြီး ဖြစ်ပါသည်။ ထိုကဲ့သို့သော အဆောက်အဦပုံစံများမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသရှိ တက္ကသီလာမြို့ (Taxila)နှင့် တောင်ပိုင်းဒေသရှိ နာဂါဇုနကုဏ္ဍ (Nagarjunakonda) ဒေသများမှ စေတီပန္နက်များနှင့် တူညီကြောင်း တွေ့ရှိရ၍ ဘီစီ–၂ရာစုမှ အေဒီ–၄ ရာစုအတွင်း တည်ထားလေ့ရှိသော စေတီပုံများဖြစ်ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့သော စေတီပန္နက်ပုံမျိုးကို ရှေးဟောင်းပျူမြို့တော်များဖြစ်သော ဟန်လင်း၊ သရေခေတ္တရာနှင့်ပင်လယ်(မိုင်းမော) မြို့ဟောင်းတူးဖော်မှုများတွင်လည်း တွေ့ရှိရပါသည်။

**ကုန်းအမှတ် – ၁၉ နှင့် ၂၀ တူးဖော်မှု**

ထို့ကြောင့် တူးဖော်မှုအဖွဲ့ခေါင်းဆောင်အနေဖြင့် ဗိဿနိုးမြို့ဟောင်း မြောက်ဘက်မြို့ရိုးအပြင်ဘက်ရှိ အိုးထိန်းတောင် (သို့မဟုတ်) အိုးသိန်းတောင်အစုရှိ ကုန်းအမှတ်–၁၈ (KKG–18) စေတီပုံအဆောက်အဦးကို ဝန်းရံလျက်ရှိသော ရှေးဟောင်းကုန်းများအနက် အရှေ့မြောက်ဘက်ရှိရှေးဟောင်းကုန်းတစ်ခု ကုန်းအမှတ်–၁၉ (BTO–19) နှင့် အနောက်တောင်ဘက်ရှိ ရှေးဟောင်းကုန်းတစ်ခု ကုန်းအမှတ်–၂၀ (BTO–20) တို့ကို တူးဖော်သုတေသနပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ကျန်ရှိနေသောကုန်းများမှာ တူးဖော်၍ မရနိုင်လောက်အောင် ယိုယွင်းပျက်စီးပါးလွှာနေပြီ ဖြစ်ပါသည်။



ကုန်းအမှတ် – ၂၀ (BTO–20) တူးဖော်မှုမှ ပေါ်ထွက်လာသော ပျူအရိုးအိုးများ

ကုန်းအမှတ်–၁၉ (BTO–19)ကို တူးဖော်ရာမှ ပေါ်ထွက်လာသော အဆောက်အဦကြီးမှာ အလျား ၅၈ ပေ၊ အနံ ပေ ၄၀ ရှိသော စတုဂံပုံအဆောက်အဦကြီးဖြစ်၍ ခန်းမကြီး၏ မြောက်ဘက်ထိပ်တွင် ၁၀ ပေခွဲပတ်လည် စတုရန်းပုံ ပလ္လင်ခုံတစ်ခုကို တည်ဆောက်ထားသည်။ တောင်ဘက်ထိပ်တွင် အဆောက်အဦကြီးအတွင်းသို့ ဝင်ရောက်ရန် လှေကားခုံတစ်ခုနှင့် ၁၀ ပေကျယ်သော ဝင်ပေါက်တစ်ခုကို တွေ့ရှိရသည်။ ယင်း လှေကားခုံနှင့် ဝင်ပေါက်ကို ဖြတ်ကျော်၍ ခန်းမကြီးအတွင်း ဝင်ရောက်လာလျှင် ပလ္လင်ခုံရှိရာသို့ မျက်နှာမူပြီး လျှောက်လှမ်းနိုင်စေရန် တည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။ ထိုအဆောက်အဦ ဖွဲ့စည်းပုံမှာ ကုန်းအမှတ် – ၁၃ (BTO–13) ၏ ဖွဲ့စည်းပုံနှင့် လွန်စွာတူညီသော်လည်း သာသနိကပစ္စည်းများကို ရှာဖွေမတွေ့ရှိရချေ။ သို့သော် ထိုအဆောက်အဦကြီးအတွင်း ပလ္လင်ခုံပတ်လည်နှင့် အတွင်းနံရံဘေးတို့တွင် ပျူလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း အရိုးအိုးပေါင်း ၄၁ လုံးကို မြှုပ်နှံထားကြောင်း တွေ့ရှိရပါသည်။

ပလ္လင်ခုံတည်ဆောက်ထားသော မြေလွှာ၏ အောက်ဘက် တစ်ပေခန့်အနက် မြေလွှာအမှတ် (၃) အတွင်းတွင် ထိုအရိုးအိုးများကို ထည့်သွင်း မြှုပ်နှံထားကြောင်း တွေ့ရှိရပါသည်။ ထိုအရိုးအိုးများမှာ အဆောက်အဦတည်ဆောက်စဉ်ကပင် ဖို့မြေတွင်းတစ်ခါတည်း မြှုပ်နှံထားခဲ့ကြောင်း မြေလွှာများက သက်သေပြနေပါသည်။ အရိုးအိုးအများစုမှာ ယခင်တူးဖော်မှုများက တွေ့ရှိခဲ့ပြီးသော အရိုးအိုးများပါ ပုံစံနှင့် တူညီပါသည်။ သို့သော် ယင်းတို့အနက် အရိုးအိုးတစ်လုံးမှာ အိုးနှုတ်ခမ်းပတ်လည်တွင် ငှက်ကလေးများပျံနေဟန်ကို ထူးခြားစွာ ပုံသွင်းပြုလုပ်ထားသည်ကို မထင်မှတ်ဘဲ တွေ့ရှိရပါသည်။ ထိုကဲ့သို့ ငှက်ပုံသဏ္ဌာန် ပါရှိသော အရိုးအိုးမျိုးကို ယခင်က မတွေ့ရှိခဲ့ရသေးသဖြင့် ထူးခြားသော တွေ့ရှိမှုတစ်ခုဖြစ်ပါသည်။ ထို့အပြင် ခဲသားရောင် ရေတည်အိုးကွဲများနှင့် မြေဆီမီးခွက် ရှစ်ခုခန့်ကိုလည်း တွေ့ရှိရပါသည်။

ထို့နောက် ကုန်းအမှတ်–၂၀ (BTO–20) ကို ဆက်လက်တူးဖော်ရာတွင်လည်း ၂၁ ပေ ပတ်လည် စတုရန်းပုံရှိသော ခန်းမငယ်တစ်ခုကို အနောက်ဘက်တွင် ခန်းမရှည်တစ်ခုနှင့် တောင်နှင့်မြောက်ဘက်တွင် အခန်းငယ်နှစ်ခု ဝန်းရံထားသော အဆောက်အဦငယ်တစ်ခု ပေါ်ထွက်လာခဲ့ပါသည်။ ထိုခန်းမငယ်၏ အရှေ့ဘက်တွင် ငါးပေခန့် ကျယ်သော ဝင်ပေါက်ငယ်တစ်ခုရှိ၍ ထိုဝင်ပေါက်တည့်တည့်အတွင်း ဘက်တွင် အနောက်ဘက်နံရံနှင့် ကပ်လျက် သုံးပေခန့်မြင့်သော အုတ်ပလ္လင်ခုံတစ်ခုကို တွေ့ရှိရပါသည်။ ပလ္လင်ခုံ၏ပတ်လည် ခန်းမငယ်အတွင်းတွင် အရိုးအိုးပေါင်း ၄၁ လုံးနှင့် အခြားအခန်းများတွင် အရိုးအိုး ငါးလုံး စုစုပေါင်း အရိုးအိုး ၄၆ လုံးကို တူးဖော်တွေ့ရှိခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အိုးအတတ်ပညာတီထွင်ဖန်တီးနိုင်စွမ်း**

ထိုအရိုးအိုးများတွင် ငှက်ရုပ်များပုံနေဟန် အရိုးအိုး ငါးလုံးကို ထပ်မံတူးဖော်တွေ့ရှိရပါသည်။ ငှက်ငယ်ကလေးများမှာ ချိုးငှက်ကလေးများနှင့် ဆင်တူပါသည်။ ထို့အပြင် အခြားအိုးများတွင်လည်း ဥဒေါင်းငှက်၊ ငန်းငှက်တို့နှင့် ပုံသဏ္ဌာန်ဆင်တူသော ငှက်ငယ်ကလေးများပုံနေဟန်ကို အိုးအဖုံးနှင့် အမ တွင် တီထွင်ဖန်တီးထားကြောင်း တွေ့ရှိရပါသည်။ အိုးများကို အိုးထိန်းစက်ဖြင့် ပုံသွင်းထားကြောင်း သိသာပါသည်။ သို့သော် အိုးများတွင် ပါရှိသော ငှက်ရုပ်ကလေးများ၊ ဖောင်းလုံးများနှင့် ဖောင်းရစ် အဆင်တန်ဆာအချို့ကို လက်ဖြင့် ပြုလုပ်ကာ မီးမဖုတ်ခင် တွဲကပ်အောင် ပြုလုပ်စီရင်ထားကြောင်း တွေ့ရှိရပါသည်။ ခန်းမငယ်၏ အနောက်မြောက်ဘက်ထောင့်ရှိ အခန်းတစ်ခု၏ အလယ်တည့်တည့်တွင် အိုးသားအနက်ရောင်ရှိ၍ အိုးသားထူကာ အိုးပတ်ပတ်လည်တွင် ပေါင်းအိုးကဲ့သို့ အပေါက်ငယ်ကလေးများ ပါရှိသောအိုးကြီးတစ်လုံးကိုလည်း တူးဖော်ရရှိခဲ့သည်။ ထိုအိုးကြီးကို လက်ခတ်ဖြင့်ဖန်တီးပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။ အရိုးအိုးကြီးများမှာ အိုးသားအနည်းငယ်ကြမ်းတမ်းလှပါသည်။ အရိုးအိုးငယ်ကလေးများမှာမူ အိုးသားချောညက်သည်။ သေးငယ်သောခွက် (cup) ပုံသဏ္ဌာန်အရိုးအိုးမျိုးကိုလည်း ဆီမီးခွက်ကို အဖုံးငယ်ကလေးပြုလုပ်စီမံထားသည်ကို လှပထူးခြားစွာတွေ့ရှိရပါသည်။ အရောင်တင်ထားသော သပိတ်ပုံအရိုးအိုးများ (polished ware) မှာမူ ပန်းကန်ပြားသဏ္ဌာန် အဖုံးပါဝင်၍ အိုးသားအလွန်ချောညက်ပါးလွှာကာ အနီရောင် အလွှာပါးပါးကို မူလအိုးသားပေါ်တွင် အရောင်တင်သုတ်လိမ်းထားကြောင်း တွေ့ရှိရပါသည်။ ထိုအရိုးအိုး ၄၁ လုံးတို့မှာလည်း တစ်လုံးနှင့် တစ်လုံး ပုံသဏ္ဌာန်တူမယောင်နှင့် မတူကြဘဲ အဆင်တန်ဆာနှင့် အိုးပုံစံအမျိုးမျိုးကွဲသော အိုးများဖြစ်ကြောင်း တွေ့ရှိရရာ ဗိဿနိုးပျူလူမျိုးများပါ အိုးအတတ်ပညာ တီထွင်ဖန်တီးနိုင်စွမ်းကို ဖော်ညွှန်းလျက်ရှိနေပါသည်။

၂၀၀၉ ခုနှစ်တွင်မူ ဗိဿနိုးမြို့ဟောင်းတူးဖော်ထိန်းသိမ်းရေးအဖွဲ့က ဗိဿနိုးမြို့ဟောင်း အတွင်း၌ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၁၀ ခုနှစ် မတ် ၂၃ ရက်အထိ ရှေးဟောင်းကုန်းပေါင်း ငါးကုန်းတိတိကို တူးဖော်သုတေသနပြုခဲ့ကြပါသည်။

**ကုန်းအမှတ်-၃၀ တူးဖော်မှု**

ကုန်းအမှတ်-၃၀ (BTO–30) သည် အိုးထိန်းတောင်ဒေသ အလယ်နေရာရှိ စေတီကြီးကုန်းအမှတ်-၁၈ (KKG–18) မှ အရှေ့တောင်ဘက် ကိုက် ၇၀ အကွာတွင် တည်ရှိသည်။ အိုးထိန်းတောင်ကုန်း၏ အရှေ့တောင်ဘက်အစွန် မြေနိမ့်ပိုင်းနေရာတွင် တည်ရှိသည်။ ကုန်း၏ အရှေ့ဘက်တွင် အိုးထိန်းတောင်ကန်နှင့် လယ်ကွင်းများတည်ရှိသည်။

ထိုကုန်းကြီးကို တူးဖော်လိုက်သောအခါ တောင်မြောက် အလျား ၄၆ ပေနှင့် အရှေ့အနောက် အနံ ၄၃ ပေခွဲခန့်ရှိသော လေးထောင့်ပုံ အဆောက်အဦကြီးတစ်ခု ပေါ်ထွက်လာသည်။ ထိုအဆောက်အဦကို အခန်းကျယ်ကြီး ငါးခန်းနှင့် အခန်းငယ် ခုနစ်ခန်း စုစုပေါင်း ၁၂ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း တွေ့ရှိရသည်။ ကုန်းအမှတ် – ၃၀ (BTO–30) တူးဖော်မှုမှနေ၍ မြေဆီမီးခွက်များ၊ သပိတ်လုံးအရိုးအိုး နှစ်လုံး၊ ရေသယ်အိုး၊ ချက်ပြုတ်အိုး၊ နှုတ်သီးပါသောအိုး စသည်တို့၏ အိုးအကောင်းနှင့် အိုးခြမ်းကွဲများစွာကို တွေ့ရှိရသည်။ ထူးခြားသည်မှာ ချက်ပြုတ်အိုးကိုလည်း အရိုးအိုးအဖြစ် မြေခွက်အဖုံးတစ်ခုဖုံး၍ အသုံးပြုသည်ကို တွေ့ရှိရသည်။

**မြေဆီမီးခွက်များ**

ကုန်းအမှတ်–၃၁ (BTO–31) မှ ပေါ်ထွက်လာသော အဆောက်အဦကြီးမှာ အဆောက်အဦ၏ အလယ်တွင် ပလ္လင်ခုံထားရှိပြီး ခိုနန်းချိုးတစ်ဆစ်ချိုးကာ အရှေ့ဘက်သို့ လက်တံထုတ်ထားသော အဝင်ခန်းမဆောင်ကြီးပြုလုပ်ထားသော ပုံသဏ္ဌာန်ဖြစ်ပါသည်။ ခန်းမအတွင်းရှိပလ္လင်ခုံ၏ မြောက်ဘက်၌ တစ်ပေခွဲအနက်တွင် မြေဆီမီးခွက်များကို အစုလိုက် အပြုံလိုက်တွေ့ရှိရသည်။ တချို့မြေဆီမီးခွက်များကို လေးလုံး၊ ငါးလုံးစီထပ်၍ လည်းကောင်း၊ တစ်ခွက်ချင်းစီ ပြန့်ကျဲ၍လည်းကောင်း တွေ့ရှိရပြီး ဆီမီးခွက်အကောင်း ၁၃ လုံး အပါအဝင် ဆီမီးခွက် စုစုပေါင်း၂၃ ခွက်ခန့် တွေ့ရှိရပါသည်။ ကုန်းအမှတ်–၃၁(BTO–31) မှ အရိုးအိုး ၁၅ လုံးကို တွေ့ရှိရသည်။ အရိုးအိုးအများစု ပျက်စီးနေပြီး သုံးလုံးခန့်သာ အကောင်းနီးပါး ရရှိပါသည်။ ထိုကုန်းမှာလည်း ကုန်းအမှတ်–၁၈(KKG–18) စေတီကြီး၏ အနောက်မြောက်ဘက်တွင် ကပ်လျက်တည်ရှိသော ဘာသာရေးဆိုင်ရာအဆောက်အဦ ဘုန်းတော်ကြီးကျောင်းတစ်ဆောင်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

**အရိုးအိုးမြှုပ်နှံရာ သီးသန့်အခန်း**

ကုန်းအမှတ်–၃၂ (BTO–32) သည် ချတ်ကုန်းရွာ၏ အရှေ့မြောက်ဘက် ပေ ၂၀၀ ခန့်အကွာ၊ ရန်ပယ်ချောင်း၏ အနောက်ဘက်ကိုက် ၄၀၀ ခန့်အကွာ၊ ဗိဿနိုးမြို့ရိုး၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ အလျားပေ ၁၂၀၊ အနံ ပေ ၉၀ ပတ်လည်ရှိ ကုန်းပေါ်တွင် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ အုတ်ကုန်းအား စနစ်တကျတူးဖော်ခဲ့ရာ အရှေ့အနောက် ၁၀၈ ပေအရှည်၊ တောင်မြောက် ၈၅ ပေ ၇ လက်မအရှည်ရှိ အဆောက်အဦတစ်ခုကို တူးဖော်တွေ့ရှိသည်။ အနောက်ဘက်တွင် ဝင်ပေါက်တစ်ခုကို တွေ့ရှိရသည်။ ထို ဝင်ပေါက်၏ အတွင်းဘက်တွင် အလျား ၂၇ ပေ ၇ လက်မ၊ အနံ ၂၃ ပေရှိ အတွင်းအခန်းတစ်ခုကို တူးဖော်ရရှိသည်။ ထိုအတွင်းအခန်း၏ အတွင်းဘက်တွင် အရိုးအိုးအများအပြားကို မြှုပ်နှံထားပြီး အရိုးအိုးစုစုပေါင်း ၄၀ ခန့်ကို တွေ့ရှိရသည်။ အရိုးအိုးမြှုပ်နှံရာ သီးသန့်အခန်းဟု ယူဆနိုင်ဖွယ်ရာ ရှိပါသည်။ ထို အတွင်းအုတ်အဆောက်အဦနှင့် အပြင်အဆောက်အဦကြားတွင် တစ်ပတ်လုံးကို အုတ်ကြမ်းပြင်အပြည့် ခင်းထားသည်ကို တွေ့နိုင်ပါသည်။ အုတ်ကြမ်းပြင်ကို အချို့နေရာများတွင် အလျားတစ်လှည့် အနံတစ်လှည့်ခင်းထားပြီး အချို့နေရာများတွင် အုတ်ကျိုးဖြင့် သင့်လျော်သလို စီထားသည်ကို တွေ့ရှိရသည်။ အုတ်ကြမ်းပြင်တွင် ခုံးအုတ်များကိုပါ ထည့်သွင်းအသုံးပြုထားသည်ကို တွေ့ရှိရသည်။ လက်ရေးစင်းရာပါသော အုတ်အများအပြားကိုလည်း တူးဖော်တွေ့ရှိရသည်။


**ဆေးခြယ်ထားသောအိုး (Painted Pottery) များ**

ကုန်းအမှတ်–၃၂(BTO–32) ၌ အရိုးအိုးမြှုပ်နှံရာတွင် အလျား ၂၇ ပေ ၇ လက်မ၊ အနံ ၂၃ ပေ ရှိသော အခန်းအတွင်း၌သာ တစုတဝေးတည်း မြှုပ်နှံထားသည်မှာ ထူးခြားလှပါသည်။ အဆောက်အဦ၏ အနောက်ဘက် မျက်နှာစာဝင်ပေါက်အနီး တစ်ဝိုက်မှ သံမယ်နများ၊ သံအပိုင်းအစ များစွာကိုလည်း တွေ့ရှိရသည်။ သံထည်ပစ္စည်းများမှာ အဆောက်အဦဝင်ပေါက်တံခါးများတွင် အသုံးပြုခဲ့ဟန်ရှိပါသည်။ အရိုးအိုးမြှုပ်နှံရာအခန်း၏ အပြင်ဘက်ကြမ်းပြင်ပေါ်မှလည်း ချက်ပြုတ်အိုးကွဲအပိုင်း အစများစွာနှင့် အနှို့တန် (Spouted Pottery) ပါသော ရေစင်တော်သွန်းအိုးကွဲ နှစ်ခုကိုပါ တူးဖော်တွေ့ရှိရသည်။ အိုးသားပေါ်တွင် အဆင်တန်ဆာများ ဆေးခြယ်ထားသော အိုးသုံးမျိုးခန့် တွေ့ရှိရသည်။ အိုးသားအနီပေါ်တွင် အဝါရောင်၊ အနက်ရောင် ဆေးသားများဖြင့် ရေးဆွဲထားသည်။ အနက်ရောင် ဆေးသားဖြင့် ရေးဆွဲထားသော အဆင်တန်ဆာပုံများမှာ ပိုမိုထင်ရှားသည်။ ထိုဆေးခြယ်သထားသောအိုး (Painted Pottery) များမှာ အခြားသော ပျူခေတ်ယဉ်ကျေးမှုတူးဖော်မှုများတွင် မတွေ့ရှိရဘဲ ယခု ဗိဿနိုးမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်–၃၂ (BTO–32) တူးဖော်မှုတွင် ပထမဆုံး တွေ့ရှိရခြင်း ဖြစ်ပါသည်။

ကုန်းအမှတ်–၃၃ (BTO–33) သည် အိုးထိန်းတောင်၏အရှေ့ဘက် အိုးထိန်းတောင်ရှိ ကုန်းအမှတ်–၃၀ (BTO–30) နှင့် အရှေ့ဘက်သို့ တစ်တန်းတည်းနီးပါးတည်ရှိပြီး ကြားတွင် အိုးထိန်းတောင် ရေကန်ငယ်တစ်ခု ရှိသည်။ အိုးထိန်းတောင်ကန်၏ အရှေ့ဘက်ကုန်းစောင်းတွင် ထိုကုန်းကို တွေ့ရှိရသည်။ ကုန်းအမှတ်– ၃၃ (BTO–33) ကို တူးဖော်ရာမှထွက်ရှိလာသော အဆောက်အဦမှာ အရှေ့မှ အနောက်သို့ အလျား ၄၇ ပေ ၆ လက်မ နှင့် တောင်မြောက် အနံ ၄၁ ပေရှိသော စတုဂံပုံ မကျတကျ အဆောက်အဦကြီး ဖြစ်ပါသည်။ ကုန်းအမှတ် – ၃၃ (BTO–33) ၏ အဆောက်အဦပန္နက်ပုံသည် အိုးထိန်းတောင်အရှေ့ဘက်ရှိ ကုန်းအမှတ် – ၃၀ (BTO–30) အဆောက်အဦ၏ ပန္နက်ပုံနှင့် အဝင်ခန်းမကြီး၏ ဘေးနှစ်ဖက်တွင် အခန်းငယ် နှစ်ခန်းဖွဲ့စည်းပါဝင်မှု မရှိသည်ကလွဲ၍ တစ်ထေရာတည်းတူညီလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင်ထိုအဆောက်အဦ နှစ်ခုမှာ အိုးထိန်းတောင်ရေကန်၏ နဖူးပေါ်တွင်မေးတင်၍ တစ်တန်းတည်း တည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ကုန်းအမှတ်–၃၂ (BTO–32) မှ တူးဖော်ရရှိသော အဆောက်အဦ



**အိုးသားပေါ်တွင် အဆင်တန်ဆာများ ဆေးခြယ်ထားသော အိုးသုံးမျိုးခန့် တွေ့ရှိရသည်။ အိုးသားအနီပေါ်တွင် အဝါရောင်၊ အနက်ရောင်ဆေးသား များဖြင့် ရေးဆွဲထားသည်။ အနက်ရောင်ဆေးသားဖြင့် ရေးဆွဲထားသော အဆင်တန်ဆာပုံများမှာ ပိုမိုထင်ရှားသည်။ ထိုဆေးခြယ်သထားသောအိုး (Painted Pottery) များမှာ အခြားသော ပျူခေတ်ယဉ်ကျေးမှု တူးဖော်မှုများတွင်မတွေ့ရှိရဘဲ ယခုဗိဿနိုးမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်-၃၂ (BTO-32) တူးဖော်မှုတွင် ပထမဆုံး တွေ့ရှိရခြင်း ဖြစ်ပါသည်**



ကုန်းအမှတ်–၃၂ (BTO–32) မှ ရရှိသော အရိုးအိုးများနှင့် ဆေးရေးခြယ်ထားသောအိုး (Painted Pottery)

## မိုင်းကိုင်မြို့နယ် ကုန်းညောင်ကျေးရွာ၌ မိုးရာသီကာလ အရိပ်ရ နှစ်ရှည်သစ်ပင်များစိုက်ပျိုး

**မိုင်းကိုင် ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာအုပ်စု ကုန်းညောင်ကျေးရွာရှိ ကုန်ထုတ်လမ်းဘေးဝဲယာ၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရေး၊ ကုန်ထုတ်လမ်းရေရှည် တည်တံ့ခိုင်မြဲစေရေးတို့အတွက် မိုးရာသီကာလ အရိပ်ရနှစ်ရှည်သစ်ပင်များ စိုက်ပျိုးခြင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းကာ ဩဂုတ် ၁၃ ရက်က အရိပ်ရနှစ်ရှည်သစ်ပင်များကို ကွင်းဆင်းစိုက်ပျိုးကြသည်။

ထိုသို့ ကွင်းဆင်းစိုက်ပျိုးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဩဂုတ် ၁၃ ရက်က ပန်လင်းကျေးရွာတွင် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ချယ်ရီ၊ မဲဇလီ၊ ရေသင်းဝင်၊ မျောက်ငို၊ ယူကလစ် အစရှိသည့် အရိပ်ရနှစ်ရှည် သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

ငြိမ်းသူ




## ဟိုပန်မြို့နယ်၌ မိုးနှောင်းကာလ နေကြာမျိုးစေ့ထုတ်စိုက်ပျိုး

**ဟိုပန် ဩဂုတ် ၁၄**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ နေကြာမျိုးစေ့ မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်စေရန်အတွက် မိုးနှောင်းကာလ နေကြာမျိုးစေ့ထုတ် စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ဟိုပန်နယ်စပ် ဘိန်းအစားထိုးခြံတွင် တစ်ဧကနှင့် တောင်သူ ဦးစိုင်းအိုက်လိတ်၏ မိုင်မန်ကွင်းတွင် တစ်ဧက စုစုပေါင်း နေကြာမျိုးစေ့ထုတ် စံပြကွက် နှစ်ဧကတို့၌ လက်တွေ့စိုက်ပျိုး ဆောင်ရွက်ကြောင်း သိရသည်။

ဟိုပန်မြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်းနှင့် ပန်းနှမ်းများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပြီး နေကြာသီးနှံကို ယခင်နှစ်မိုးရာသီတွင် စိုက်ပျိုးခြင်းမရှိသော်လည်း ယခု ၂၀၂၂ ခုနှစ် မိုးရာသီတွင် ပညာပေး စံပြကွက် ၁၆ ဧကဖြင့် လက်တွေ့စိုက်ပျိုးပြသနိုင်ခဲ့၍ ဆောင်းရာသီတွင် ထပ်မံတိုးချဲ့စိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်ခြင်းကြောင့် ယခုလို နေကြာမျိုးစေ့ထုတ် စိုက်ပျိုးရခြင်းဖြစ်ကြောင်း ဟိုပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုလေးက ပြောသည်။

ယခုစိုက်ပျိုးသည့် နေကြာမျိုးစေ့သည် စိုက်ပျိုးချိန် သုံးလခန့်အကြာတွင် နေကြာ ရေဆင်းစပ်မျိုး တစ်မျိုးစေ့ ရရှိလာမှာဖြစ်ပြီး တစ်ဧကမှ ထွက်ရှိလာမည့် မျိုးစေ့များသည် ဧက ၅၀ စိုက်ပျိုးနိုင်မည်ဖြစ်ကာ ယခုစိုက်ပျိုးသည့် နှစ်ဧကမှ ထွက်ရှိလာမည့် မျိုးစေ့များကို ဟိုပန်မြို့နယ်အတွင်းရှိ တောင်သူများအား ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဆောင်းရာသီတွင် နေကြာသီးနှံ ဧက ၁၀၀ စိုက်ပျိုးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မိုးနှောင်းကာလ နေကြာမျိုးစေ့ထုတ်စိုက်ပျိုးသည့် စံပြကွက်များသို့ ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးကျော် ကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဦးချိုလေးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများအား နေကြာမျိုးစေ့ထုတ် စိုက်စနစ်နည်းပညာများကို ရှင်းလင်းပြသ၍ လက်တွေ့စိုက်ပျိုးပြသကြောင်း သိရှိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## နတ်မောက်မြို့နယ်အတွင်း တစ်အုပ်တစ်မ စိုက်ပျိုးနိုင်ရန် ပျိုးဥယျာဉ်များတွင် တမာပင်များ ပျိုးထောင်

**နတ်မောက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် တစ်အုပ်တစ်မအဖြစ် တမာစိုက်ပျိုးနိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနက ကြီးကြပ်၍ တမာပင်များ ပျိုးထောင်ထားရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်တွင် ပျိုးထောင်ရမည့် တမာပျိုးပင်စုစုပေါင်း ၁၀၇၀၀၀ လျာထားလျက်ရှိရာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် တစ်အုပ်တစ်မအဖြစ် စိုက်ပျိုးနိုင်ရန် နတ်မောက်မြို့ မြို့မပျိုးဥယျာဉ်တွင် တမာပျိုးပင် ၄၅၀၀၀ နှင့် ရွာတော်ကျေးရွာ ပျိုးဥယျာဉ်တွင် တမာပျိုးပင် ၂၅၀၀၀ ပျိုးထောင်ထားလျက်ရှိပြီး ကျန်ရှိတမာပျိုးပင်များကိုလည်း လျာထားချက်ပြည့်မီရေး ပျိုးထောင်သွားမည် ဖြစ်ကြောင်း နတ်မောက်မြို့နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

လှဝင်း

## ပဲခူးရိုးမ တောထွက်ဝါးများ ဝယ်လိုအားနည်းပါး၍ ဈေးနှုန်းများကျဆင်း

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးရိုးမတောကြီးအတွင်းမှ အဓိကထွက်ကုန် တစ်မျိုးဖြစ်သော ဝါးများ ယခုနှစ်တွင် ဝယ်လိုအားနည်းပါးလျက်ရှိပြီး ဈေးနှုန်းများပါ ကျဆင်းနေ၍ ဝါးကိုအဓိကအားထားလုပ်ကိုင်နေကြသူများ အဆင်မပြေမှုကြုံတွေ့နေရကြောင်း ဝါးလုပ်ငန်း လုပ်ကိုင်သူများနှင့်တွေ့ဆုံစဉ် သိရှိရခြင်းဖြစ်သည်။

"ဝါးက ရိုးမတောထဲမှာ အတော်ရှားသွားပြီ။ ဝါးခုတ်တဲ့သူတွေဆိုရင် ဝါးအဝယ်ဒိုင်တွေဆီကနေ စရိတ်ကြိုယူရတယ်။ တစ်ပတ် ၁၀ ရက်စာလောက် ငွေကြိုယူပြီးရင် တောထဲမှာ ချက်ပြုတ်စားသောက်ဖို့ စားကုန်လေးတွေ ဝယ်သွားရတယ်။ တစ်ခါတလေ ဝါးမရသေးလို့ တောထဲမှာ ဆက်ပြီးကြာသွားရင် ရိက္ခာပြတ်တာဖြစ်ကုန်တယ်။ ထမ်းသယ်ရတယ်။ ကျွဲနဲ့ ချောင်းဘေးရောက်အောင် ဆွဲရတယ်။ ဖောင်ဖွဲ့မျှောရတာတွေ ရှိတော့ ပင်ပန်းသလောက်ရတာနဲ့က မကာမိပါဘူး" ဟု ဝါးခုတ်လုပ်သား တစ်ဦးကပြောသည်။

ရေတာရှည်မြို့နယ်တွင် ဝါးနှင့် ဝါးဆက်စပ်ပစ္စည်းများကို စီးပွားရေး လုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်ကြသည့် ဆွာမင်းလမ်း၊ ဆီဆုံကုန်း၊ မြောက်လွှတ်ကုန်း၊ ရွှေသပြေကျေးရွာများတွင် ဝါးကပ်ရိုက်ခြင်းလုပ်ငန်းများသည် ဒေသခံများအတွက် နေ့စဉ်ပုံမှန် ဝင်ငွေရလုပ်ငန်းဖြစ်သည်။ ဝါးကပ်တစ်ချပ်လျှင် ငွေကျပ်နှစ်ရာရရှိပြီး တစ်နေ့အတွက် အလုပ်တွင်ကျယ်မှုအပေါ်မူတည်၍ ငွေကျပ် ငါးထောင်ကျော်ရရှိနိုင်ခြင်းဖြစ်ကာ မိသားစု စုပေါင်းလုပ်ကိုင်ကြခြင်းများလည်း ရှိသည်ကို တွေ့ရှိရသည်။ "ဒီဘက်ကထွက်တဲ့ ဝါးနဲ့ ဝါးကပ်တွေကို မန္တလေးတိုင်းဒေသကြီးဘက်ကို ပို့နေကျပါ။ အခုတော့ ပစ္စည်းအဝယ်က အတော်ကို အေးသွားတယ်။ ပစ္စည်းအရောင်းကျသွားတော့ လုပ်သားတွေ လျှော့ရတယ်။ လက်ရှိဝါးကပ်တစ်ချပ်ကို ငွေကျပ် တစ်ထောင်တောင် မရတော့ဘူး။ မိုးရာသီဆိုတော့ ဝါးကိုဖောင်ဖွဲ့မျှောလို့ ကားနဲ့သယ်ယူရရင် အဆင်မပြေတော့ ဘူး " ဟု ဝါးအရောင်းအဝယ် လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

## အင်းလေးနှင့် ရှာငံဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်သွက်

**မန္တလေး ဩဂုတ် ၁၄**



မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကား ဈေးအတွင်းသို့ ယခုရက်ပိုင်းအတွင်း အင်းလေးဒေသနှင့် ရှာငံဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ် သွက်လက်ကောင်းမွန်လျက်ရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီး ပွဲရုံများထံမှ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသနှင့်ရှာငံဒေသတို့မှ ထွက်ရှိ၍ မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား အစီးရေ ၁၄ စီးမှ ၁၅ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင်ငွေကျပ် ၁၄၀၀၀ မှ ၁၅၀၀၀ နှင့် ရှာငံခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ ဈေးအထိ ရရှိနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးကို အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းခဉ်သီးတွေ ဈေးကွက်အတွင်း အများဆုံး ရောက်ရှိလာတာပါ။ အင်းသီးက အထားခံတော့ ဈေးကောင်းရရှိတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေမှု များကြောင့် ပြီးခဲ့တဲ့လနဲ့စာရင် ဈေးက တက်လာတယ်လို့ ပြောလို့ရပါတယ်။ တစ်နေ့ကို ကားက ရှာငံဒေသဘက်က ၁၀ စီးနဲ့ အင်းလေးဒေသဘက်က ကားအစီးရေ လေးစီးကနေ ငါးစီး ပုံမှန်ဝင်ရောက်နေပါတယ်။ တာနဲ့ပြောရမယ်ဆိုရင် အချိန် ၃၀၀၀၊ ၄၀၀၀ လောက်ဝင်ပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ နယ်ဘက်ကထွက်တဲ့ ခရမ်းချဉ်သီး အစိမ်းဈေးကတော့ တစ်ပိဿာကိုငွေကျပ် ၆၀၀ နဲ့ ၇၀၀ ရှိပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်ရှိသည့် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ငရုတ်၊ ရွှေပဲသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မောတောင် - ဆင်းခွန် နယ်စပ်ဂိတ်ဖွင့်လှစ်ပြီးဖြစ်သော်လည်း ကုန်စည်ကန့်သတ်မှုများ ပြုလုပ်ထားသည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲဖြစ်နေ

**မောတောင် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်မြို့ရှိ မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်ကို ကုန်သွယ်မှု ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း ထိုင်းဘက်မှ ကန့်သတ်မှုများ ပြုလုပ်ထားသည့်အတွက် ဒေသခံလုပ်ငန်းရှင်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

မောတောင်မြို့တွင် ဖွင့်လှစ်ထားသော မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှုပြန်လည်စတင်ရန် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ဆင်းခွန်အထူးယာယီနယ်စပ်ဂိတ်မှ ဩဂုတ် ၁ ရက်က ဆုံးဖြတ်ခဲ့သည်။

"အဓိကအချက်ကတော့ လူနေမှုနဲ့ စားဝတ်နေရေးအတွက် ဖွင့်ပေးတာပါ။ တချို့ကုန်စည်တွေကတော့ ကန့်သတ်ထားဆဲဖြစ်ပါတယ်" ဟု နှစ်နိုင်ငံကုန်သွယ်မှု ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံက ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် မတ်လမှစတင်ကာ ပိတ်ထားသည့် အဆိုပါ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် နေ့စဉ်လိုအပ်နေသည့် ကုန်စည်များကိုသာ အဓိကဝယ်ယူနေသော်လည်း ကန့်သတ်မှုများ လုပ်ဆောင်နေသည့်အတွက် ကုန်သည်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

ထိုသို့ကုန်ပစ္စည်းတချို့ ကန့်သတ်လိုက်သည့်အတွက် မြိတ်ခရိုင်၏ အဓိကထွက်ကုန်ဖြစ်သော ရေထွက်ပစ္စည်းများ တင်ပို့ရန် အခက်အခဲများဖြစ်နေသည်။ ကန့်သတ်ထားသည့် ကုန်ပစ္စည်းများမှာ ရေခဲစိမ်နှင့် ရေထွက်ပစ္စည်းတချို့ (ဥပမာ-ကင်းမွန်၊ ပလာတူးနှင့် ငါးတချို့) ပါဝင်နေကြောင်း သိရသည်။




မောတောင်နယ်စပ်ဂိတ်မှာ မြန်မာနိုင်ငံဘက်မှ အမြဲတမ်း ဂိတ်တစ်ခုဖြစ်သော်လည်း ထိုင်းနိုင်ငံဘက်ခြမ်းရှိ ဆင်းခွန်ဂိတ်မှာ အထူးယာယီနယ်စပ်ဂိတ်အဆင့်သာဖြစ်သည့်အတွက် ကုန်သွယ်မှုနှင့် လူဝင်/လူထွက် ကိစ္စရပ်များမှာ ကန့်သတ်မှုများရှိသည်။ မောတောင်နယ်စပ်ဂိတ်သည် မြိတ်မြို့နယ်မှ မိုင် ၁၀၀ ကျော်ခန့် ကွာဝေးပြီး ယင်းနယ်စပ်ဂိတ်မှာ မြန်မာ - ထိုင်းနှစ်နိုင်ငံအတွက် ကုန်သွယ်မှုတွင် အလားအလာရှိသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်ကြောင်း ဒေသခံများထံမှသိရသည်။

**မြင့်ဦး(မြိတ်)**

## ဖျာပုံမြို့နယ် သမဝါယမအသင်းစု အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

**ဖျာပုံ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်သမဝါယမအသင်းစု၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်နှင့် (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ဘဏ္ဍာနှစ်အထိ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ခြင်းကို မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ၊ အသင်းဝင်အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်နှင့် (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းကာ တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

ယင်းနောက် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်ဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသည် အဓိကပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသော လျှင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိသေးဘဲ နေ့၊ ည အချိန်မရွေး လှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ငလျင်၏ သဘောသဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားရန်နှင့် အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

### ငလျင်မလှုပ်မီ သိရှိဆောင်ရွက်ထားရန်အချက်များ

- အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိရှိထားရမည်။ ခိုင်ခံ့သော စားပွဲခုံအောက်၊ ခုတင်အောက်၊ အခန်း၏ ထောင့်နေရာများ၊ အတွင်းနံရံ (သို့မဟုတ်) တိုင်နှင့်ကပ်လျက်နေရာ၊ တံခါးပေါင်အောက်စသည်ဖြင့် ကြိုတင်လေ့လာရွေးချယ်ထားသင့်ပြီး အဆိုပါလုံခြုံမှုရှိနိုင်သောနေရာများသို့ ဝင်ရန်၊ အကာအကွယ်ယူရန် လေ့ကျင့်ထားပါ။
- အဆောက်အအုံများအတွင်း ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ မြင့်သော/ ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာတင်ထားသော စင်များ စသည့် အန္တရာယ်ရှိနိုင်သောနေရာများကို သိရှိထားပါ။
- အဆောက်အအုံအတွင်းမှ ထွက်ပြေးရန် လမ်းကြောင်းများ၊ အရံလမ်းကြောင်းများ၊ အရေးပေါ်ထွက်ပေါက်များကို ကြိုတင်လေ့လာသိရှိထားပါ။
- လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုးများ/ ပိုက်များ ပိတ်ခြင်းတို့ကို စမ်းသပ်လေ့ကျင့်ထားပါ။
- လေးလံသည့် ဗီရိုကြီးများ၊ အခြားပရိဘောဂများကို ယိုင်လဲပြီး ထိခိုက်မှုမဖြစ်စေရန် နံရံများနှင့် တွဲကပ်ထားပါ။ ကြီးမားလေးလံသည့် ပစ္စည်းများ၊ ကွဲတတ်သော ပစ္စည်းများကို အနိမ့်ပိုင်းတွင်ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်နိုင်ခြင်းတို့မှ ကာကွယ်ပါ။ ပန်းချီကားကြီးများ၊ ကြည့်မှန်ကြီးများ စသည့် လေးလံသည့်ပစ္စည်းများကို အိပ်ရာ၊ ခုံတန်းရှည် စသည့်လူနေထိုင် လဲလျောင်းရာနေရာတို့နှင့် ဝေးရာတွင်ချိတ်ပါ။
- အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အစားအစာ၊ သောက်ရေ၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ရှေးဦးသူနာပြုပစ္စည်းများ၊ ဆေးဝါးစသည့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်စုစည်း၍ အဆင်သင့်ထားရှိပါ။

### ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ

- ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။
- အဆောက်အအုံထဲတွင်ရှိနေပါက အထဲတွင်သာနေပါ။ အပြင်တွင်ရောက်ရှိနေပါက အပြင်တွင်သာ ဆက်၍နေပါ။ ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံအတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ ပြေးဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။
- ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန်ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေးအကာအကွယ်ယူပါ။ အခိုင်မာဆုံးနေရာကို မြဲမြံစွာကိုင်ထားပါ။
- မီးဖိုအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးခလုတ်များပိတ်ပါ။ မီးတောက်ကို ငြိမ်းပါ။
- အဆောက်အအုံမှ ထွက်ခွာရမည်ဆိုပါက စနစ်တကျထွက်ခွာပါ။ အလောတကြီး ပြေးထွက်ခြင်းသည် ပို၍အန္တရာယ်များနိုင်သည်။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။ ရိုးရိုးလှေကားမှ ဆင်းပါ။ အထပ်မြင့်အဆောက်အအုံများမှ ခုန်မချပါနှင့်။
- အဆောက်အအုံပြင်ပတွင်ဖြစ်နေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဆိုင်းဘုတ်များ၊ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ၊ တံတားများ၊ တောင်စောင်းများ၊ မြစ်ကမ်းများအနီးမှ ရှောင်ရှားနေထိုင်နေပါ။ ကွင်းပြင်များတွင်နေပါ။
- ဆိုင်ကယ်၊ ကား မောင်းနေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ပင်လယ်ကမ်းစပ်များတွင် နေထိုင်သူများအနေဖြင့် ဆူနာမီအန္တရာယ်ကို သတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ

- မိမိတို့နေထိုင်ရာ အိုးအိမ်၊ အဆောက်အအုံများတွင် အက်ကွဲကြောင်းများဖြစ်ပေါ်ခြင်း ရှိ/မရှိ၊ ယိုင်နဲ့ခြင်း ရှိ/မရှိ စစ်ဆေးပါ။ ထိုသို့ဖြစ်ပေါ်နေပါက ထိုနေရာများမှ ခေတ္တ ရှောင်ရှားနေထိုင်ပါ။
- လျှပ်စစ်မီးကြိုးများကို စစ်ဆေးပါ။ ပြုတ်ကျ/ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မကိုင်ပါနှင့်၊ သက်ဆိုင်ရာသို့ သတင်းပို့ပါ။
- ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ထပ်မံပျက်စီးပြိုကျတတ်ကြောင်း သတိပြုပါ။
- မီးလောင်ခြင်း၊ ရေကာတာကြီးများကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊
- မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခြင်းများစသည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုပါ။

၃။ ပြည်သူလူထုအနေဖြင့် ကြိုတင်မသိရှိနိုင်ဘဲ အချိန်မရွေး လှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူအထိတ်တလန့်ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အစာနှင့် ရေထဲမှအန္တရာယ်

ဆရာမဲဇာ

၁၈-၇-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်လှစ်ပွဲသတင်းထဲ၌ “ပင်မဆောင်ရှိ ဓာတ်ခွဲခန်းတွင် Mercury (ပြဒါး)၊ Lead (ခဲ)စသော heavy metals (သတ္တုဓာတ်)များ ပါဝင်မှုနှုန်းစစ်ဆေးနေမှု၊ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်း (Active Pharmaceutical Ingredient) စစ်မှန်မှု ရှိ၊ မရှိနှင့် မလိုလားအပ်သော အရောအနှောများ ပါဝင်မှုကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးနေမှု၊ အစားအသောက်များတွင် ဆိုးဆေးများနှင့် တာရှည်ခံဆေးဝါးများ ခွင့်ပြုပမာဏထက် ကျော်လွန်သုံးစွဲခြင်း ရှိ၊ မရှိ၊ အစားအသောက်များတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော မှိုပါဝင်ခြင်း ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများ၏ စစ်မှန်မှုနှင့်အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ စားသုံးဆီများ၏အမျိုးအစား စစ်မှန်မှု ရှိ၊ မရှိနှင့် ဆီအမျိုးအစားများ ပါဝင်သည့် ပြည့်ဝဆီနှင့် မပြည့်ဝဆီများပါရှိနေခြင်း ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်နေ”ကြောင်း တွေ့ရပါသည်။

အစားအစာထုတ်လုပ်ရေးအတွက် သုံးရသောကုန်ကြမ်းများ၊ ဆေးဝါးထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများတွင် ဘေးအန္တရာယ်ရှိသော ဓာတ်သတ္တုပစ္စည်းများကို ထိထိရောက်ရောက်စစ်ဆေးပြီး ရလဒ်များကို ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား စီမံခန့်ခွဲနိုင်ပါစေဟု ဆုတောင်းမိပါသည်။

ကျန်းမာလို၍ အစာကောင်းစားကြရသည်။

ရောဂါပျောက်လို၍ ဆေးကောင်းသောက်ရသည်။

လူတိုင်းအတွက် ဤလိုအပ်ချက် နှစ်ရပ်သည် တစ်သက်တာ တာဝန် ဖြစ်နေပါသည်။ လူ့ဘဝထဲ ဝင်ရောက်လာသော ရင်သွေးငယ်များကိုလည်း မိခင်နို့တိုက်ကျွေးရာမှအစ နို့ဖြတ်ကျွေးမွေးခြင်း အလယ် လိုအပ်သောဆေးဝါးများ တိုက်ကျွေးပြုစုရခြင်းအဆုံး မိဘတို့ဝတ္တရားများလည်း ကြာလေ တာဝန်ကြီးလေ ဖြစ်လာပါသည်။ လူကြီးမိဘများ ကိုယ်တိုင် စားသောက်ရန် ဆေးဝါးများ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ရရှိရန်ပင် မနည်းကြိုးစားရုန်းကန်နေရသည်ဖြစ်ရာ ကလေးများအတွက် ဂရုစိုက်နေရင်းက စိတ်အားငယ်စရာများ များလာပါသည်။ ရလဒ်ကားအာဟာရချို့တဲ့သောကလေးများ၊ ချူချာသောကလေးများ တစ်ပြည်လုံး တိုးပွားလာရခြင်းပင် ဖြစ်ပါသည်။

> ❖ မြန်မာနိုင်ငံ ဆေးသုတေသနဌာနနှင့် ဂျပန်ပညာရှင်များ စုပေါင်းသုတေသနပြုရာ ကလေးကစားစရာများတွင် သုတ်သည့်ဆေးများသည် အိမ်သုတ်ဆေးနှင့်အတူတူပင်ဖြစ်ပြီး ကစားစရာအရောင်ဆိုးရာ၌ ပါဝင်နေသည်ကို တွေ့ရ၏။ မူကြို၊ မူလတန်းကျောင်းများတွင် ဈေးပေါပေါဖြင့် ဝယ်သုံးသော ပလတ်စတစ်ထိုင်ခုံများမှာလည်း ခဲဆိပ်များ ပါဝင်နေသည်ကို တွေ့ရပါ၏
>
> ❖ မြန်မာ့ရိုးရာ ကစားစရာအရုပ်များဖြစ်သော ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်၊ ဇီးကွက်ရုပ်၊ နွားရုပ်၊ ဗန္ဒုလဦးထုပ်တို့တွင် ခြယ်သထားသော ဆေးမှန်သမျှ အိမ်သုတ်ဆေးချည်းသာဖြစ်၍ ခဲဆိပ်နှင့်မကင်းချေ။ သို့ဖြစ်၍ မြန်မာ့ရိုးရာ အရုပ်လေးများကို ဂျပန်နိုင်ငံက ရသလောက် ဝယ်မည်ဆိုသည့်တိုင် ရောင်းရန် စံချိန်မမီခဲ့ပါ

## အစာဆေးဝါးဆိုင်ရာ ဓာတ်ခွဲခန်းများ

နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး” အတွက် ဆောင်ရွက်စရာကိစ္စရပ်များတွင် အစားအစာဖူလုံမှု (Food Security)အတွက် ဆောင်ရွက်ရင်း လက်ဝယ်ရှိအစားအစာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု (Food safety)ကို ဦးစားပေး စဉ်းစားလေ့လာရသည်။ သို့ဖြစ်၍ National Food Safety Policy “အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ”ကို ပြဋ္ဌာန်းအကောင်အထည်ဖော်လျက်ရှိရာ ယခုဖွင့်လှစ်လိုက်သော အစာဆေးဝါးဆိုင်ရာ ဓာတ်ခွဲခန်းများသည် အထူးပင်အားကိုးစရာ ဖြစ်လာပါသည်။

“မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းကြောင်း၊ နေပြည်တော် (ရုံးချုပ်)၊ ရန်ကုန်ရုံးနှင့် မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရုံးခွဲရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ ခရိုင်အသင်းရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီဖြစ်ကြောင်း” ကို သတင်းတွင် ဖော်ပြပါရှိပါသည်။

## “သန့်လေးသန့်” ဆိုင်ရာ လုပ်ငန်းများ

ကျွန်တော်တို့ဌာနတွင် “သန့်လေးသန့်” ဆိုင်ရာ လူထုဘဝမြှင့်တင်ရေး လုပ်ငန်းများလုပ်ရင်း ရှေးယခင်ကတည်းက အစာဆေးဝါးပညာရှင်များနှင့် ဆက်စပ်ဆောင်ရွက်ခဲ့ရပါသည်။ ဦးစီးဌာနမဖြစ်ခင် အမျိုးသားဓာတ်ခွဲဌာန (National Health Laboratory) လက်အောက်တွင် စတင်ဖွဲ့စည်းစဉ်ကပင် အစာနှင့်ရေကိစ္စများအတွက် ဆက်နွယ်ခဲ့ရသဖြင့် အစာသန့်၊ ရေသန့်၊ တစ်ကိုယ်ရေသန့်၊ ပတ်ဝန်းကျင်သန့်ဟူသော သန့်လေးသန့်ဆိုင်ရာ ကျန်းမာမှုမြှင့်တင်ရေးအတွက် ကျေးလက်ဒေသပေါင်း ထောင်နှင့်ချီ၍ ပြည်သူလူထုအခြေပြုစီမံချက်များကို ဆောင်ရွက်ခဲ့ရရာ လူထုထံမှတင်ပြလာသော ဒေသဆိုင်ရာအခက်အခဲများကို ခေါင်းရှောင်၍မရဘဲ ဖြေရှင်းနိုင်သမျှ ဖြေရှင်းခဲ့ရပါ၏။

## ယင်လုံအိမ်သာစီမံချက်

ပျော်ဘွယ်မြို့နယ်တွင် “ကိုယ်တိုင်ဆောက်သုံး အကောင်းဆုံး” အိမ်သာစီမံချက်အတွက် တစ်မြို့နယ်လုံးတွင် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲလာအောင် စည်းရုံးဆောင်ရွက်ကြရာတွင် လူထုကပူးပေါင်းပါဝင်ကြ၏။ အခိကမှာ ယူနီဆက် (UNICEF) အဖွဲ့က ဝယ်ယူထောက်ပံ့ပေးသော အိမ်သာများကို မှီခိုမှုကင်းပြီး ဒေသထွက်သစ်ဝါးများဖြင့် ကိုယ်တိုင်ဆောက်ရန်ပင်ဖြစ်ပါသည်။

ကိုယ်တိုင် ဆောက်လုပ်သုံးစွဲမှု (Do-it-yourself) ဖြင့် ပျော်ဘွယ်မြို့နယ်လုံးကျွတ် အိမ်သာစီမံချက်ကို မြန်မာပြည်တွင် ပထမဦးဆုံး အကောင်အထည်ဖော်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါသည်။ သို့ရာတွင် ရွာလူထုကြုံတွေ့နေရသော အခက်အခဲတစ်ခုကို မလွှဲသာမရှောင်သာ ဝင်၍ကူညီဖြေရှင်းရပါ၏။ မြို့နယ်ထဲက ရွာတစ်ရွာတွင် သစ်ပင်များခြောက်၍ သစ်ရွက်ကြွေ၊ နွားများ သားလျှောမှုဖြစ်ခဲ့ကြောင်း၊ တစ်ဖက်ရွာမှ ခဲကျို၍ထွက်လာသည့် ခဲဆိပ်များ အငွေ့ရိုက်၍ဖြစ်မည်ထင်ကြောင်း ပြောပြကြ၏။

## ခဲဆိပ်သင့်မှု

မန္တလေးမြို့မှသိမ်းကျုံးဝယ်လာသော ဘက်ထရီလျှပ်စစ်အိုးဟောင်းများထဲမှ ခဲများကို ပြန်ကြိုသန့်စင်မှုပြုနေသောလုပ်ငန်းမှာ သေးသေးဖွဲ့ဖွဲ့တော့ မဟုတ်ပါ။ သေသေချာချာ ကွင်းဆင်းလေ့လာသောအခါ ထိုအထဲတွင်ပင် ကိုယ်ဝန်ဆောင်မိခင်အချို့ သားလျှောခြင်း၊ ကလေးအသေမွေးခြင်းများ ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ဤလုပ်ငန်းအတွက် ကျန်းမာရေးဦးစီးဌာနအောက်ရှိ လုပ်ငန်းခွင်ကျန်းမာရေးဌာန ပညာရှင်များထံမှ အကူအညီယူခဲ့ရသည်။ ဤခဲဆိပ်သင့်မှုမှာ ခဲကျိုရာမှထွက်လာသော အငွေ့များကြောင့်ဖြစ်ပါ၏။ အလားတူဖြစ်စဉ်မျိုး မြိတ်မြို့တွင်လည်း ဖြစ်ခဲ့ပါသည်။ ဘက်ထရီရောင်းချရန် ခဲကျိုသောအလုပ်ကိုလုပ်ရင်း ကလေးများတွင် ခဲဆိပ်သင့်နေသည်ကို တွေ့ရသည်။ စစ်ဆေးကြည့်ရာ ရေထဲတွင် ပျော်ဝင်နေသော ခဲဆိပ်များကြောင့်ဖြစ်ကြောင်း တွေ့ရပြန်လေသည်။

## ကလေးကစားစရာနှင့်ခဲဆိပ်

ခဲဆိပ်သည် လေမှလည်းလာ၏။ ရေမှလည်းလာ၏။ ဤမျှနှင့်မပြီး၊ ကလေး ကစားစရာများမှလည်း လာပါသည်။ မြန်မာနိုင်ငံ ဆေးသုတေသနဌာနနှင့် ဂျပန်ပညာရှင်များ စုပေါင်းသုတေသနပြုရာ ကလေးကစားစရာများတွင် သုတ်သည့်ဆေးများသည် အိမ်သုတ်ဆေးနှင့် အတူတူပင်ဖြစ်ပြီး ကစားစရာအရောင်ဆိုးရာ၌ ပါဝင်နေသည်ကို တွေ့ရ၏။ မူကြို၊ မူလတန်းကျောင်းများတွင် ဈေးပေါပေါဖြင့် ဝယ်သုံးသော ပလတ်စတစ်ထိုင်ခုံများမှာလည်း ခဲဆိပ်များပါဝင်နေသည်ကို တွေ့ရပါ၏။

မြန်မာ့ရိုးရာ ကစားစရာအရုပ်များဖြစ်သော ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်၊ ဇီးကွက်ရုပ်၊ နွားရုပ်၊ ဗန္ဒုလဦးထုပ်တို့တွင် ခြယ်သထားသော ဆေးမှန်သမျှ အိမ်သုတ်ဆေးချည်းသာဖြစ်၍ ခဲဆိပ်နှင့်မကင်းချေ။ သို့ဖြစ်၍ မြန်မာ့ရိုးရာအရုပ်လေးများကို ဂျပန်နိုင်ငံက ရသလောက်ဝယ်မည်ဆိုသည့်တိုင် ရောင်းရန်စံချိန်မမီခဲ့ပါ။

## ခဲပိုက်များကြောင့် ခဲဆိပ်သင့်မှု

ထို့ပြင် ယခင်ကရောင်းချသော ဓာတ်ဆီများတွင် ခဲသတ္တုထည့်သွင်းထားပါသည်။ ခဲမပါသော ဓာတ်ဆီ (Lead Free Petrol) များကို ဈေးပိုပေး၍ ဝယ်ခဲ့ကြရပါသည်။ သို့ရာတွင် လတ်တလောပြုပြင်ရန်ခက်လှသော ပြဿနာများမှာ ရေထဲတွင် ခဲဆိပ်သင့်နေမှုသည် ခဲပိုက်ဆက်များကြောင့် ဖြစ်ကြောင်း ပေါ်ထွက်လာခြင်းပင်ဖြစ်ပါသည်။ ယခင်က သံကျွတ်ပိုက်များနှင့် ဂျီအိုင်(GI)ပိုက်များသုံးရာတွင် ပိုက်ဆက်များကို ပျော့ပျောင်း၍ ကွေးညွှတ်လွယ်သော ခဲပိုက်များဆက်စပ်၍ သုံးကြရပါသည်။

ယခု ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် နှစ်နှင့်ချီ၍ ကျောင်းများပိတ်ထားရရာ ရေအသုံးနည်းသဖြင့် ကျောင်းပြန်ဖွင့်ချိန် ကျောင်းသားကျောင်းသူတို့၏ သောက်ရေထဲတွင် ခဲဆိပ်ပါနေကြောင်း အမေရိကန်ပြည်၌ တွေ့နေရပါသည်။

“There are still up to 12.8 million houses and apartment buildings connected to the water system with lead lines in the US” (Natural Resources Defense Council) ဟု ၂၀-၇-၂၀၂၂ ရက်နေ့က ထုတ်ပြန်သော စာတမ်းတစ်စောင်ကို ဂါဒီးယန်းသတင်းစာက ဖော်ပြခဲ့ပါသည်။ “အမေရိကန်ပြည်တွင် အိမ်ပေါင်း ၁၂ ဒသမ ၈ သန်းနှင့် တိုက်ခန်းများ၏ ရေပေးဝေရေးစနစ်တွင် ခဲပိုက်များကို သုံးစွဲထားကြောင်း ဖော်ပြထားပြီး ခဲဆိပ်သင့်သောကလေးငယ်များ (လူမည်း၊ လူညိုဆင်းရဲသားများ)မှာ ရေပိုက်လဲလှယ် တပ်ဆင်ခမပေးနိုင်သဖြင့် ငွေရှိသူများက ထ၍ပြင်ချိန်တွင် ခဲများရေထဲသို့ ပို၍ထွက်လာသဖြင့် ဒုက္ခတွေ့နေရကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်လည်း ရန်ကုန်နှင့် မော်လမြိုင်မြို့များ၌ ရှေးဟောင်းအဆောက်အအုံများ များစွာရှိပါသည်။ လွတ်လပ်ရေးရပြီးနောက်မှ ဆောက်သော အဆောက်အအုံများတွင်လည်း ရေသွယ်ပေးရာ၌ ခဲပိုက်ဆက်များကို သုံးခဲ့ကြပါသည်။ သို့ရာတွင် ခဲဆိပ်သင့်မှု ရှိ၊ မရှိ သုတေသနပြုထားခြင်း မရှိသေးပါ။ နောက်ပိုင်း အဆောက်အအုံများတွင်မူ ပလတ်စတစ်ပိုက်များကို အသုံးပြုကြသဖြင့် ခဲဆိပ်သင့်မှု ပြဿနာနည်းသွားမည်ဟု ယူဆခဲ့ရပါသည်။

## ဖြေရှင်းရလွယ်လျက် လုပ်ရခက်

ခဲပိုက်ဆက်သုံးရာမှ ထွက်လာသော ရေ၏အန္တရာယ်ကိုလည်း ယခု ကိုဗစ်-၁၉ ကာလတွင် ပို၍လေ့လာတွေ့ရှိဖြစ်ကြပြီး အမေရိကန်တွင်လည်း ပြုပြင်ရန် ကြိုးစားလျက်ရှိကြောင်း တွေ့ရပါသည်။ အိမ်သုတ်ဆေးများ အသုံးပြုထားသော ပလတ်စတစ်ပစ္စည်းများကြောင့် ကလေးငယ်များတွင် ခဲဆိပ်သင့်မှု ဖြစ်ပေါ်နိုင်ကြောင်း မြန်မာနိုင်ငံမှ ပညာရှင်အချို့ သိရှိထားကြသော်လည်း ကျယ်ပြန့်သည့် ပညာပေးဖြေရှင်းမှုများ မပြုနိုင်ကြသေးပါ။

ထိုခဲဆိပ်သင့်ပြဿနာကြောင့် ကလေးများတွင် သွေးထဲ၌ ခဲဆိပ်များဝင်ကာ သွားဖုံးများပြာနှမ်းသည့် Blue Line gums များကိုသာမက တက်ခြင်း၊ အာရုံကြောပျက်စီးခြင်းများအထိ ဖြစ်နိုင်ကြောင်း သိရှိကြပြီးဖြစ်ပါသည်။ သို့ရာတွင် ရေသွယ်ယူမှုကိစ္စ၊ ခဲပါသောအိမ်သုတ်ဆေးကိစ္စများကို ဖြေရှင်းရာတွင်မူ အတော်ပင် အချိန်ယူရပေမည်။

ဖြေရှင်းရလွယ်လျက် လုပ်ရခက်နေသော လူလုပ်ခဲဆိပ်သင့်ပြဿနာတစ်ခုလည်း ရှိပါသေးသည်။ ရေချိုပုစွန်များ၏ ခေါင်းထဲတွင် ခဲများထည့်၍ ရောင်းချနေသောကိစ္စဖြစ်ပါသည်။ ပုစွန် အလေးချိန်တိုး၍ ဈေးပိုရသည်မှန်သော်လည်း မလုပ်သင့်သောကိစ္စ ဖြစ်ပါသည်။

ဈေးဝယ်သူအနေဖြင့် ပုစွန်ခေါင်းထဲအထိ နှိုက်၍ကြည့်ရန်လည်း မဖြစ်နိုင်ပါ။ အပြင်မှ ဓာတ်မှန်ရိုက်စက်ဖြင့် စစ်ရန်လည်း လက်တွေ့လုပ်ရန် ခက်ခဲပါသည်။ ဈေးဝယ်သူမပြောနှင့် လက်လီရောင်းသော ဈေးသည်များပင် သိရန်ခက်ပါလိမ့်မည်။

ရေနှင့်အစာထဲတွင် ပါလာနိုင်သည့် ခဲဆိပ်၊ ပြဒါးဆိပ်၊ စိန်ဖြူအဆိပ်မှစ၍ အဆိပ်အမျိုးမျိုး အန္တရာယ်မှ ကာကွယ်ရန်အတွက် မြန်မာ့ FDA နှင့် အတူ ပါဝင်ကူညီရမည့်သူများ များစွာလိုအပ်နေပါပြီ။ ။

# ပုသိမ်မြို့ရှိ တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပုသိမ် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့၌ တည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အပတ်စဉ် စနေနေ့တိုင်း ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေ ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ပေါ်လမ်း ပုသိမ်တက္ကသိုလ်မုခ်ဦးရှေ့မှ အင်ကြင်းဆောင်ရှေ့အထိ အရှည်ပေ ၁၇၀၀၊ အကျယ်ရှစ်ပေ ကွန်ကရစ်လူသွားလမ်းခင်းခြင်းလုပ်ငန်း၊ တက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝင်နကျွန်းသာထုံးဘိုရပ်ကွက်၊ အကောက်ဆိပ်ရပ်ကွက်များသို့ ဆက်လက်သွားရောက်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ပုသိမ်မြစ် ရေလမ်းကြောင်းတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို သင်္ဘောဖြင့်မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးမြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က ဘဏ္ဍာနှစ်အလိုက် ကမ်းနားလမ်း တိုးချဲ့ဆိပ်ခံတံတား (Jetty) တည်ဆောက်ခြင်းနှင့် ပုသိမ်မြစ်ရေလမ်းကြောင်း တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ရှင်းလင်းတင်ပြကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိပ်ခံတံတားတည်ဆောက်ရာတွင် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေးအပြင် စံချိန်စံညွှန်းနှင့် အရည်အသွေးကောင်းမွန်ရေးတို့အား အလေးထားဆောင်ရွက်ရေး၊ ရေလမ်းကြောင်း အကွေ့အကောက်များကို ပြေပြစ်အောင်ဆောင်ရွက်ရေး၊ ရေတိမ်နေရာများတွင် လိုအပ်သော ရေအနက်ရရှိရန်ဆောင်ရွက်ရေးနှင့် ခေတ်မီတွန်းဆွဲ ရေယာဉ်များကို ရေလမ်းကြောင်းအကွေ့နေရာများ၌ အရံအသင့်ထားရှိရေးတို့ကို မှာကြားခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မောင်တောမြို့၌ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**မောင်တော ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကံထွန်းအောင်က မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ အဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးမဖြစ်ပေါ်မီ၊ ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီး ကာလများအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးနှင့် ဆိုးကျိုးများကို တတ်နိုင်သမျှ နည်းစေရေးအတွက် စနစ်တကျ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်နေသည့် အခြေအနေများ၊ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား တစ်ဦးချင်းရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ပြောကြားပြီး လိုအပ်သည်များကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ပြန်လည်ပေါင်းစပ်ဆွေးနွေးသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ ဆီအသင်းများက ဈေးနှုန်းသက်သာစွာဖြင့် စားဆီများရောင်းချ

**ရန်ကင်း ဩဂုတ် ၁၄**

ရန်ကင်းမြို့နယ် အမှတ် (၁၆)ရပ်ကွက်၌ စားဆီများကို ရပ်ကွက်နေပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန် ကုန်သည်စက်မှုအသင်းချုပ်နှင့် ဆီကုန်သည်ကြီးများနှင့် ဆီလုပ်ငန်းရှင်များ အသင်းချုပ်တို့၏ အစီအစဉ်ဖြင့် ဩဂုတ် ၁၂ ရက်က လာရောက်ရောင်းချပေးသည်။

စားသုံးသူပြည်သူများအနေဖြင့် ဈေးသို့သွားရောက်ဝယ်ယူရန် မလိုအပ်သည့်အတွက် အချိန်မကုန် ဈေးနှုန်းသက်သာစွာနှင့် ဝယ်ယူနိုင်သည့်အပြင် ဆီများကို ဈေးနှုန်းချိုသာစွာဖြင့် လာရောက်ရောင်းချပေးသည့်အတွက် စားသုံးသူပြည်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ရာရောက်ကြောင်း ဆီလာရောက်ဝယ်ယူသူ ပြည်သူတစ်ဦးက ပြောသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများနှင့် ဆီလုပ်ငန်းရှင်များအသင်းချုပ်တို့၏ အစီအစဉ်ဖြင့် ဆီများကို လိုက်လံရောင်းချပေးသဖြင့် ဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူနိုင်၍ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်ပေးရကျိုးနပ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေး အခက်အခဲကိုလည်း ဖြေရှင်းပေးရာရောက်သဖြင့် ကျေနပ်အားရမှုရှိကြောင်း အဆိုပါပြည်သူက ပြောသည်။

**အိရွှေစင် (ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ ဆိုလာစနစ်ဖြင့် ကျေးရွာရေရရှိရေးဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် သပြေစမ်းကျေးရွာ၌ နေရောင်ခြည် စွမ်းအင်သုံးဆိုလာစနစ်ဖြင့် သောက်သုံးရေ ဖူလုံစွာရရှိရေးလုပ်ငန်းကို ယခုနှစ် မေလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် သပြေစမ်းကျေးရွာ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၄၃၇၅ သန်းဖြင့် အကျယ်လေးလက်မ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပြားများနှင့် ဆိုလာပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးက ပြောသည်။



အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၇ အိမ်၊ လူဦးရေ ၆၆၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် လာမည့် နွေရာသီကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားပြီဖြစ်ကြောင်း၊ ဆိုလာနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် ဒီဇယ်ဆီဖိုးကုန်ကျမှုများ မရှိသဖြင့် ကုန်ကျစရိတ်များစွာ သက်သာမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# လပွတ္တာမြို့နယ်၌ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြု

**လပွတ္တာ ဩဂုတ် ၁၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လပွတ္တာမြို့နယ်အတွင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၊ မြို့နယ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးအသင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ လုပ်ငန်းရှင်များက ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက်က အ-ထ-က(၁)ကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကားပြောကြားပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည့် မြို့မိ မြို့ဖများ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ခြောက်ဘာသာ ဂုဏ်ထူးရှင် မယဉ်ငြိမ်းသန့် အပါအဝင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၆၁ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၂၇၉ ဦးနှင့် ဆရာ ဆရာမ ၈၄ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

**ခရိုင် (ပြန် /ဆက်)**

# ဇူလိုင်လတစ်လတည်းတွင် မြန်မာနိုင်ငံတစ်ဝန်း ငလျင်လှုပ်မှု အကြိမ်ပေါင်း ၅၇ ကြိမ်ခန့် ဖြစ်ပွားခဲ့သည့်အနက် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ငလျင် ၄၅ ကြိမ် လှုပ်ခဲ့

တောင်ကြီး ဩဂုတ် ၁၄

**ပြည်နယ်အဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၁၃ ရက်က တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင် တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲ၌ ဖြစ်ပေါ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ခုနစ်အဆင့်ရှိ တာလေငလျင်လှုပ်မှုကြောင့် သေဆုံးသူ ၇၆ ဦး နှင့် ဒဏ်ရာရရှိသူ ၁၀၀ အထိ ရှိခဲ့ကြောင်း၊ လက်ရှိ ငလျင်လှုပ်မှုအခြေအနေကို ကြည့်မည်ဆိုပါက ဇူလိုင်လတစ်လတည်းတွင် မြန်မာနိုင်ငံတစ်ဝန်း ငလျင်လှုပ်မှု အကြိမ်ပေါင်း ၅၇ ကြိမ်ခန့် ဖြစ်ပွားခဲ့သည့်အနက် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် အင်အားအသင့်အတင့်နှင့် အသေးစားပြင်းအားရှိသည့် ငလျင် ၄၅ ကြိမ် လှုပ်ခဲ့သည်ကို တွေ့ရှိရသည့်အပြင် ဆက်လက်ပြီး လှုပ်နေဆဲအခြေအနေများကို အားလုံးကြားသိရမည်ဖြစ်ကြောင်း၊ ငလျင်၏ ပြင်းအားအပေါ်မူတည်၍ ဖျက်ဆီးမှုစွမ်းအားကွာခြားမှုရှိပြီး လူဦးရေထူထပ်မှု၊ အထပ်မြင့်အဆောက်အအုံများ များပြားမှု၊ ကြိုတင်ပြင်ဆင်ခြင်းအားနည်းမှုနှင့် ပြည်သူလူထု၏ ငလျင်ဘေးဆိုင်ရာ အသိပညာဗဟုသုတပြည့်စုံမှု ရှိ၊ မရှိဆိုသည့် အချက်များပေါ်မူတည်ပြီး ထိခိုက်ဆုံးရှုံးမှုအနည်းအများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူနေထူထပ်ပြီး အထပ်မြင့်အဆောက်အအုံများပြားသည့် တောင်ကြီးမြို့ အပါအဝင် လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်စသည့် မြို့ကြီးများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခန်းများ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး အစမ်းလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် ဘေးအန္တရာယ်နှင့် တကယ်ကြုံတွေ့လာရသည့်အချိန်တွင် တွေဝေမနေဘဲ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ကာ မလိုလားအပ်သည့် အသက်အန္တရာယ်နှင့် အခြားထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာသည့် ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခွဲများမှ တာဝန်ရှိသူများအနေဖြင့် ထိရောက်မြန်ဆန်မှန်ကန်သည့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များနှင့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် တက်ကြွစွာ ပူးပေါင်းပါဝင် ဆွေးနွေးလေ့ကျင့်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြည်နယ်အဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးခြင်း စတင်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခွဲ ၁၀ ခုမှ အဖွဲ့လိုက် ရေးဆွဲထားရှိသော ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ စံလုပ်ထုံး၊ လုပ်နည်းများကို ဆွေးနွေးတင်ပြကြရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၊ ပျက်စီးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းအဖွဲ့၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းအဖွဲ့များမှ ဆွေးနွေးတင်ပြကြပြီး တောင်ကြီးတက္ကသိုလ် မိုင်းသောက်အဆောင်၌ ငလျင်သရုပ်ပြလေ့ကျင့်ခြင်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ အဌမအကြိမ် ထုတ်ချေးပေး

**ဘူးသီးတောင် ဩဂုတ် ၁၄**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ဩဂုတ် ၁၄ ရက်က မြို့မစေတီတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အဌမအကြိမ်အဖြစ် ထုတ်ချေးပေးခဲ့သည်။

ချေးငွေများထုတ်ချေးပေးခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် ဝန်ထမ်းများက ကျေးရွာအရောက်ကွင်းဆင်းပြီး ထုတ်ချေးပေးခဲ့ကြသည်။ မြို့မစေတီတောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးအား ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး အားငွေကျပ် ၁၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၅ ဦးအားငွေကျပ် ၁၁ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအား ချေးငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းအသင်းဝင် ၁၁၁ ဦးအား လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ် ၄၈ ဒသမ ၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ကိုထွန်း**



# ဖားကန့်မြို့နယ် ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၁၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖားကန့်မြို့နယ် ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည်။




ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ထိစပ်သည့်နေရာတွင် တည်ရှိသည့် ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၅၄၅ စု၊ လူဦးရေ ၂၃၁၂ ဦးတို့သည် ဖားကန့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများတွင် ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းတို့ လတ်တလော နေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လုပ်ဆောင်ပေးသွားရမည်ဖြစ်ပြီး ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စနစ်တကျစီမံခန့်ခွဲနိုင်ရေး အားလုံးကဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုးညှင်းခရိုင်နှင့် ဖားကန့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆယ်ဇင်းဒေသမှ ယာယီတိမ်းရှောင်လာခဲ့ရသည့် ဖြစ်ရပ်ဖြစ်စဉ်များ၊ ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ခေတ္တနေရာချထားပေးပြီး ကူညီထောက်ပံ့မှု ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်မှ သွားရောက်ကူညီထောက်ပံ့ပေးသွားမည့် အစီအမံများနှင့် ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆယ်ဇင်းဒေသမှ ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ ယာယီနေထိုင်ရာနေရာများအထိ လတ်တလော အဆင်ပြေစေရေးအတွက် ကူညီထောက်ပံ့စောင့်ရှောက်မှုပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# နမ္မတူမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေး

**နမ္မတူ ဩဂုတ် ၁၄**

နမ္မတူမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဩဂုတ် ၁၃ ရက်က နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်-၂ အရ ကျောင်းသို့ကွင်းဆင်း၍ အသက် ၁၀ နှစ်နှင့်အထက် နိုင်-၃ (က) လျှောက်ထားသည့် ကျောင်းသား ကျောင်းသူ ၆၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

**လူမော် (ပြန်/ဆက်)**

## မူးယစ်ဆေးဖြတ်ပြီးသူများအတွက် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ရန် ဆွေးနွေး

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေစခန်း (မန္တလေး)၌ မူးယစ်ဆေးဖြတ်ပြီးသူများအတွက် ရက်ပေါင်း ၉၀ ကြာ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၂) ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၃ ရက်က ပြုလုပ်သည်။




အစည်းအဝေးတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါကြွယ်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်မြိုင်က သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးဝင်းမြင့်က အကြံပြုဆွေးနွေးပြီး တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း (ဗဟို) ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အသင်း(ခွဲ)များမှ အသင်းဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကာ အဆိုပါသင်တန်းကို ယခုနှစ် စက်တင်ဘာလပထမပတ်အတွင်း ဖွင့်လှစ်၍ သင်တန်းသား ၂၀ အား လက်ခံသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

## မိုးများရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဘေးသစ်ပင်လဲကျ၍ ဆိုင်ကယ်စီးသူအမျိုးသမီးနှစ်ဦး ဒဏ်ရာရ

**ကျောင်းကုန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဘေးသစ်ပင်လဲကျရာမှ ရန်ကုန်-ပုသိမ် ကားလမ်းပေါ်၌ ဆိုင်ကယ်စီးလာသူအမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိမှု ဩဂုတ် ၁၃ ရက်က ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ညီအစ်မဝမ်းကွဲတော်စပ်သူ အသက် ၂၅ နှစ်ခန့် အမျိုးသမီးနှစ်ဦးသည် ပုသိမ်မြို့ဘက်မှ ကျောင်းကုန်းမြို့ဘက်သို့ မောင်းနှင်လာစဉ် ရင်ဆိုင်ဝကျေးရွာအနီး၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဘေးတွင် ပေါက်နေသည့် မလေးရှားပိတောက်ပင် ကားလမ်းမပေါ်သို့ လဲကျရာမှ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးနှစ်ဦးမှာ စိုးရိမ်ရသည့် ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒဏ်ရာရရှိသူများအား ဒုရဲအုပ်လှမိုးက ရဲဆေးစာဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသနိုင်ရေး လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်**
**(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ အိမ်ထောင်စု လူဦးရေစာရင်းများ ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းခြင်း ဆောင်ရွက်

**ရန်ကင်း ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ e-ID စနစ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ကို



ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့် ခရိုင်လဝကဦးစီးမှူးတို့က ဩဂုတ် ၁၃ ရက်တွင် လာရောက်ကြည့်ရှုအားပေးသည်။

အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုရာတွင် တိကျမှန်ကန်သောစာရင်းများ ရရှိနိုင်ရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို e-ID စနစ်ဖြင့် ဆော့ဖ်ဝဲပရိုဂရမ်ထည့်သွင်းခြင်းလုပ်ငန်းကို ရန်ကင်းမြို့နယ်၌ ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကာ မြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၁၉၆၀၃ စုရှိသည့်အနက် ဩဂုတ် ၁၃ ရက်အထိ အိမ်ထောင်စု ၉၇၁၃ စုကို ထည့်သွင်းပြီးဖြစ်၍ ၄၉ ဒသမ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသော အိမ်ထောင်စု ၉၈၉၀ အတွက်လည်း သတ်မှတ်ကာလအတွင်းပြီးစီးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အိရွှေစင်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်

**တောင်ငူ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ငူမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှုများကို တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးအောင်ဝေထွန်း၊ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ မဟင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ဒိုးအင်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ မဟင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၁၃၃၄၀၊ အကျယ် ၁၂ ပေ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဒိုးအင်းကျေးရွာကုန်ထုတ်လမ်းအရှည် ၆၃၀၃ ပေ၊ အကျယ် ၁၂ ပေ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများက ရှင်းလင်းတင်ပြခဲ့ကြသည်။

**ကိုလှိုင်**

## ထန်းတပင်မြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ မျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်ရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများရေရှည်စားသုံးနိုင်ရန် ရည်ရွယ်လျက် လမုတန်းကြီးကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းငါးသောင်းကို ဩဂုတ် ၁၃ ရက်က မျိုးစိုက်ထည့်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ ပူးပေါင်းကာ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ နှစ်သိန်းငါးသောင်းနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းငါးသောင်းကို မျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်နေ ရဲနောင်ထွဋ်သည် ၎င်းအသုံးပြုသည့် "Ye Thu Tun" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက်နေ ရန်နိုင်ဝင်း(ခ) ပိုးကောင်သည် ၎င်းအသုံးပြုသည့် "Yann Naing Win" Facebook အကောင့်၊ ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ စန်းစန်းအေးနှင့် မြင့်နိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "San San Aye" Facebook အကောင့်၊ "Myint Naing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အနောက်ရပ်မြောက်ပိုင်းရပ်ကွက်နေ အောင်မြင့်မြတ်ဇင်(ခ) ဇင်မလောင်သည် ၎င်းအသုံးပြုသည့် "Aung Myint Myat Zin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၅၁) ရပ်ကွက်နေ ဒိန်ခန့်ကျိန် (ခ) သန္တာမော်သည် ၎င်းအသုံးပြုသည့် "Maw Gyi" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်နှင့် မင်းဘူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား၊ ချဉ်ယုတ်ခွဲသား၊ ရုံးခွဲသားနှင့် လက်ပံခွဲသား (၅ ဒသမ ၁၁၂၆) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၃၈၃၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးစီးသော အကောက်ခွန် စစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံနှင့် တာချီလိတ်အကြားပန်ကွဲတောင်အဆင်း (၂၁) မိုင် အာခါရွာအနီးတွင် ပိုင်ရှင်မဲ့စုပုံထားသော Diesel Engine Oil ဘူး (၁၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀) ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က အင်းတော်မြို့နယ် ဖက်ဆွတ်ကြိုးဝိုင်းအတွင်း တရားမဝင် ပျဉ်းကတိုးသစ် (၇ ဒသမ ၁၈၈) တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၇၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တိုယိုတာခရောင်း အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၇၀၀၀) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မအူပင်မြို့နယ် တလုပ်လပ်အရှေ့ကျေးရွာ မြို့ဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုယိုတာဝှစ် အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၃ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော ထမင်းချက်ပေါင်းအိုး ၂၀၈ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀၀) နှင့် Foam Slipper အရံ (၂၂၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကျားဝတ်လုံချည်များ (ခန့်မှန်တန်ဖိုးငွေကျပ် ၂၈၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၃၀၈၃၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြင်းမူမြို့နယ် ဂွေးပင်တောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်၊ သံဃာတော်နှစ်ပါးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဂွေးပင်တောကျေးရွာအနီး မန္တလေး-မုံရွာ ကားလမ်းပေါ်၌ ဩဂုတ် ၁၂ ရက်ညနေ ၅ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးကို ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးဖြင့် အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက ဂွေးပင်တောကျေးရွာအနီး၌ ဒေသန္တရ လက်လုပ်မိုင်းနှစ်လုံးဖြင့် အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ယာဉ်၏ ဘေးဝဲ၊ ယာမှန်များ ကွဲကျေပျက်စီးပြီး ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် သံဃာတော်နှစ်ပါးနှင့် အမျိုးသားတစ်ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါနေရာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၁၀ ဦးခန့် ရောက်ရှိလာပြီး မိုင်းဖောက်ခွဲ တိုက်ခိုက်ခြင်းခံရသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်လိုင်း ဝန်ထမ်းလေးဦး၊ ခရီးသည် ၁၁ ဦးကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများ အမြန်ဆုံး ပြန်လည်လွတ်မြောက်နိုင်ရေးနှင့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီး၍ ဥပဒေအရအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေပိတ်ဆို့စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ ဆိုင်ကယ်ခိုးယူသူ အမျိုးသားသုံးဦးအား အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ဩဂုတ် ၁၂ ရက်က ဆိုင်ကယ်ခိုးယူသူ အမျိုးသားသုံးဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၂ ရက် ည ၉ နာရီတွင် ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း (၂) ရပ်ကွက်အရောက်၌ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနေ ရန်နိုင်ထူး (၃၂ နှစ်) တစ်ရွာတည်းနေ စိုးသူအောင် (၂၉ နှစ်) နှင့် ဇင်ဖြိုးအောင် (ခ) ကုလား (၂၃ နှစ်) တို့ သုံးဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးရာ ဆိုင်ကယ်ကို ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်း မရှိသဖြင့် ရန်နိုင်ထူးပါ သုံးဦးအား ရွာကောက်နယ်မြေ ရဲစခန်း (ပ) ၁၀၂/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် ၁၅၂ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၄ ဒသမ ၄၈၇၀ တန်၊ သစ်မာ ၂၄ ဒသမ ၁၁၃၂ တန်၊ အခြား ၇၄ ဒသမ ၃၂၃၄ တန်၊ စုစုပေါင်း ၁၅၂ ဒသမ ၉၂၃၆ တန်၊ တရားခံ ၂၇ ဦး၊ ယာဉ်/ယန္တရား ၁၅ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဝန်ကြီးဌာနပေါင်းစုံ (၂၅ နှစ်အောက်) ဘောလုံးပြိုင်ပွဲ ပြန်ကြားရေးအနိုင်ရရှိ



နေပြည်တော် ဩဂုတ် ၁၄

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ် (၃) ၌ ကျင်းပရာ အုပ်စုပတ်လည် ပွဲစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၁၅ ရက် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစား လေ့ကျင့်ရေးကွင်း အမှတ် (၁) ၌ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကြမည်ဖြစ်ပြီး ဝဏ္ဏသိဒ္ဓိဘောလုံး အားကစား လေ့ကျင့်ရေး ကွင်း အမှတ် (၃) ၌ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ ဘောလုံးဝါသနာရှင်များ အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင် ကြောင်း သိရသည်။

အားကာမောင်

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၁၄

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ တတိယနေ့ ပွဲစဉ်များကျင်းပရာ အမျိုးသား (-၅၅) ကီလိုတန်း ရှုံးထွက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြရာ ပထမဆုကချင်ပြည်နယ်အသင်းမှ မောင်ဖြိုးသက်ဇော်၊ ဒုတိယဆု ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မောင်မျိုးမင်းအောင်၊ တတိယဆု တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မောင်သူရကျော်နှင့် ပူးတွဲတတိယဆု ချင်းပြည်နယ်အသင်းမှ မိုင်နီထွန်းကျော်တို့က လည်းကောင်း။

အမျိုးသား (-၆၀) ကီလိုတန်း ရှုံးထွက်ပြိုင်ပွဲများကို ယှဉ်ပြိုင် ကစားခဲ့ကြပြီးနောက် ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမဆု ရှမ်းပြည်နယ်အသင်းမှ စိုင်းဖုန်လောင်၊ ဒုတိယဆု ကချင်ပြည်နယ်အသင်းမှ မောင်မိုးကျော်ကျော်၊ တတိယဆု ရခိုင်ပြည်နယ် အသင်းမှ မောင်နိုင်နိုင်ဝင်းနှင့် ပူးတွဲတတိယဆု ကရင်ပြည်နယ်အသင်းမှ မောင်ထက်ကိုဝင်းတို့က လည်းကောင်း။

အမျိုးသား (-၆၆) ကီလိုတန်း ရှုံးထွက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစား ခဲ့ကြပြီးနောက် ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမဆု ရှမ်းပြည်နယ်အသင်းမှ မောင်ဟိန်းမင်းထက်၊ ဒုတိယဆု စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မောင်လှိုင်မင်းခန့်၊ တတိယဆု မွန် ပြည်နယ်အသင်းမှ မောင်နိုင်ငွေနှင့် ပူးတွဲတတိယဆု ပဲခူးတိုင်းဒေသကြီး အသင်းမှ မောင်အောင်လှိုင်ဘုန်းတို့က လည်းကောင်း။

အမျိုးသမီး (-၄၅) ကီလိုတန်း ဗိုလ်လုပွဲ ပွဲစဉ်များအား ယှဉ်ပြိုင် ကစားခဲ့ကြရာ ပထမဆု ကချင်ပြည်နယ်အသင်းမှ မတင်ဇာမြင့်၊ ဒုတိယ ဆု မန္တလေးတိုင်းဒေသကြီးအသင်းမှ မအေးချမ်းမိုး၊ တတိယဆု ကရင် ပြည်နယ်အသင်းမှ မနန်းစန္ဒာစိုးနှင့် ပူးတွဲတတိယဆု ပဲခူးတိုင်းဒေသကြီး အသင်းမှ မသဲစုပုံတို့ကလည်းကောင်း။

အမျိုးသမီး (-၄၈)ကီလိုတန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစား ခဲ့ကြရာ ပထမဆု ကချင်ပြည်နယ်အသင်းမှ မဘန်တောမ်၊ ဒုတိယဆု ကရင်ပြည်နယ်အသင်းမှ နန်းသက်ထားပျို၊ တတိယဆုကို ရှမ်းပြည်နယ် အသင်းမှ မအေးအေးလွင်နှင့် ပူးတွဲတတိယဆုကို မန္တလေးတိုင်းဒေသကြီး မှ မအေးချမ်းဖြိုးတို့က လည်းကောင်း၊ အမျိုးသမီး (-၅၂) ကီလိုတန်း ဗိုလ်လုပွဲ ပွဲစဉ်များအား ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆု ကချင် ပြည်နယ်အသင်းမှ မပိုးအိလွင်၊ ဒုတိယဆု ရန်ကုန်တိုင်းဒေသကြီး အသင်းမှ မအေးပပဖြိုး၊ တတိယဆု မွန်ပြည်နယ်အသင်းမှ မမေသက်ပိုင်နှင့် ပူးတွဲတတိယဆုချင်းပြည်နယ်အသင်းမှ မစန္ဒာဝင်းတို့ က လည်းကောင်း၊ အမျိုးသမီး (-၅၇) ကီလိုတန်း ဗိုလ်လုပွဲ ပွဲစဉ်များ အား ယှဉ်ပြိုင်ကစားကြရာ ပထမဆု ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မသဲသိမ့်သိမ့်သူ၊ ဒုတိယဆု ကချင်ပြည်နယ်အသင်းမှ မခေါ်မိုင်၊ တတိယ ဆု ကယားပြည်နယ်အသင်းမှ မဘောမိန့်နှင့် ပူးတွဲတတိယဆု ရှမ်း ပြည်နယ်အသင်းမှ မသက်နှင်းခိုင်တို့ကလည်းကောင်း ရရှိကြသည်။

အဆိုပါ ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်အထိ နံနက် ၁၀ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အားကာမောင်

## ဟံသာဝတီကို ရန်ကုန်အသင်း အနိုင်ယူ

ရန်ကုန် ဩဂုတ် ၁၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ဒုတိယနေ့အဖြစ် ရန်ကုန် အသင်းနှင့် ဟံသာဝတီအသင်းတို့ ဩဂုတ် ၁၄ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားခဲ့ရသော် လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနိုင်ပွဲကြောင့် အဆင့်တက် သွားခဲ့သည်။

ရန်ကုန်အသင်းတွင် ကျော်မင်းဦး၊ ဒေးဗစ်ထန်၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး၊ ဆန်းဆက်နိုင် (ဂိုး) တို့ ပါဝင်ကစားခဲ့ပြီး ယူ-၁၉ အသင်းနှင့် လိုက်ပါသွားသည့် ဇော်ဝင်းသိန်းနှင့် လမင်းထွေးတို့ကို လူစားလဲအသုံးပြု ခဲ့သည်။ ဟံသာဝတီအသင်းမှာလည်း ရဲရင့်အောင်၊ မျိုးဇော်ဦး၊ ရွှေလှိုင်ဝင်း၊ လားဒင်မောရ၊ ကိုကိုနိုင် (ဂိုး) စသည့် အမာခံကစား သမားအစုံအလင် ပါဝင်ခဲ့သည်။

ပွဲအစ ၁၀ မိနစ်မှာပင် မျိုးဇော်ဦးက ဟံသာဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရန်ကုန် အသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၃၂ မိနစ်တွင် ထက်ဖြိုးဝေ က ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိသော် လည်း ရန်ကုန်အသင်းက ဂိုးသွင်းခွင့်များပိုရခဲ့ပြီး ၆၈ မိနစ်တွင် ဇော်ဝင်းသိန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ရှစ်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲ သရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၁၆ မှတ်၊ ဟံသာဝတီအသင်းက ရှစ်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံး၊ ရမှတ် ၁၀ မှတ် ရရှိထားသည်။ ပွဲစဉ် (၈) တတိယနေ့အဖြစ် ဩဂုတ် ၁၅ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် မဟာယူနိုက်တက်နှင့် အားကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ - MNL



ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

## Simone Asia Pacific Cup ဂေါက်ရိုက်ပြိုင်ပွဲ မြန်မာဂေါက်သီးအားကစားမယ်နှစ်ဦး ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ Pondok Indah Golf Course ၌ ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ Asia Pacific Golf Platform (APGP) က စီစဉ်ကျင်းပသော Simone Asia Pacific Cup ဂေါက်ရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ



ဂေါက်ရိုက်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာ သွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ် သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်သည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်အောင် (မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် မျိုးဆက်သစ်လူငယ်ဂေါက်သီး အားကစားသမားများ ဆပ်ကော်မတီ ဥက္ကဋ္ဌ)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြင့်မြင့်သန်း (မျိုးဆက်သစ်လူငယ် ဂေါက်သီး အားကစားသမားများဆပ်ကော်မတီ)၊ အားကစားသမားများ အဖြစ် ခင်သူသူနှင့် ဖူးပွင့်ရတီခိုင်တို့ပါဝင်သည်။ (ဓါတ်ပုံ)

ယင်းပြိုင်ပွဲတွင် မြန်မာ၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစားသမား ၄၄ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကိုညီလေး

ဓာတ်ပုံ - MGF

## တိုက်စစ်ကစားသမား ဆွမ်လမန် ထိုင်းလိဂ်-၂ ကလပ် ကရာဘီအသင်းသို့ ပြောင်းရွှေ့

ရန်ကုန် ဩဂုတ် ၁၄

မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား ဆွမ်လမန်သည် ထိုင်းလိဂ်-၂ ကလပ် ကရာဘီအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီ ဖြစ်သည်။

၂၀၂၂-၂၀၂၃ ရာသီ ထိုင်းလိဂ်-၂ ပြိုင်ပွဲမှာ စတင်နေပြီဖြစ်ပြီး မြန်မာ ကစားသမားအများအပြား ပါဝင်ကစားလျက်ရှိကာ ခုနစ်ဦးအထိ ပါဝင် ကစားနေသည်။ ဆွမ်လမန်သည် ငါးသင်းမြောက် ထိုင်းကလပ်အဖြစ် ကရာဘီအသင်းသို့ ပြောင်းရွှေ့ရာတွင် တစ်ရာသီစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ဆွမ်လမန်သည် ကရာဘီအသင်းမတိုင်မီက မြောင်ကန် ယူနိုက်တက်အသင်း၊ ထရတ်အသင်း၊ ရနောင်းယူနိုက်တက်အသင်းနှင့် Navy အသင်းတို့တွင် ကစားခဲ့သည်။ ဆွမ်လမန်သည် ကရာဘီအသင်း တွင် ကျောနံပါတ်-၂၀ ဝတ်ဆင်ကစားမည်ဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့် ရာသီက ကစားခဲ့သည့် ထိုင်းလိဂ်-၂ ကလပ်၊ Navy အသင်းနှင့် လမ်းခွဲပြီးနောက် ကရာဘီအသင်းသို့ ရာသီသစ်မစတင်မီ ရက်ပိုင်း အလိုတွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဆွမ်လမန်သည် ၂၀၂၀ ပြည့်နှစ် ကတည်းက ပြည်ပကလပ်များတွင် သွားရောက်ကစားနေပြီး ထိုင်းကလပ်များတွင်သာ ကစားနေခြင်းဖြစ်သည်။

ရဲရင့်လွင်

# " ဓမ္မးနေ့မင်္ဂလာ ကျေးဇူးတင်လွှာ "

(၁၄-၈-၂၀၂၂)ရက်နေ့၌ ပြုလုပ်သော အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ၏ နှစ်(၇၀)ပြည့်ဓမ္မးနေ့မင်္ဂလာအခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော သံဃအဖွဲ့အစည်းအဆင့်ဆင့်မှ ဆရာတော်ကြီးများနှင့်သံဃာတော်(၅၀၀)ပါးတို့အား ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်၊ သံဃာတော်များအား တပည့်တော်တို့မိသားစုနှင့်ကြွရောက်လာသော ဧည့်ပရိသတ်အလှူရှင်များမှ ပူးမြော်ကြည်ညို လှူဖွယ်ပစ္စည်း လောင်းလှူခွင့်ရရှိသည့်အတွက် များစွာကြည်နူးပီတိဖြစ်ရပါသည်ဘုရား။

ယနေ့ဓမ္မးနေ့မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးနှင့်စစ်ဘက်အရာရှိကြီးများ၏ဇနီးများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအရာရှိကြီးများ၊ ဓမ္မမိတ်ဆွေအလှူရှင်များ၊ ဧည့်သည်တော်များ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးမှ လူပုဂ္ဂိုလ်များအား မိမိတို့မိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်ကောင်းမှုကုသိုလ်အစုစုတို့ကို သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အမျှပေးဝေအပ်ပါသည်။

ဝဏ္ဏကျော်ထင်ဦးမောင်ကို + ဇနီးအဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ

မိသားစု

## မူဆယ်ခရိုင်လူမှုကယ်ဆယ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ခြင်ဆေးဖျန်းခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေးပညာပေး လုပ်ငန်းများဆောင်ရွက်

**မူဆယ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် လူမှုကယ်ဆယ်ရေးအသင်းက ဦးဆောင်၍ ပရဟိတ လူမှုကူညီရေးအသင်းများ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများနှင့် Masks Camping လုပ်ငန်းများကို ဩဂုတ် ၁၄ ရက်က ဆောင်ရွက်သည်။

မူဆယ်ခရိုင် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူများ ကျန်းမာရေးအဖွဲ့များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မူဆယ် ခရိုင်နှင့် ၁၀၅ မိုင် ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များ ပူးပေါင်းကာ မူဆယ်မြို့နယ်အတွင်းရှိ ပရဟိတဂေဟာများ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ စာသင်ကျောင်းများ၊ မိဘမဲ့ကျောင်း ကိုးကျောင်း ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ၁၁ ကျောင်း၊ မြို့ပေါ်ရပ်ကွက်အတွင်း ရှိ ရေမြောင်းများနှင့်ချိုင့်ခွက်များအပါအဝင် လမ်းဘေးရှိရေမြောင်းများနှင့် ချိုင့်ခွက်များ လူအသွားအလာများ သည့်နေရာများကို သွေးလွန်တုပ်ကွေးကာကွယ်ဆေးကို ရေနှင့်သတ်မှတ် စံနှုန်းထားအတိုင်းရောစပ်၍ ပက်ဖျန်းပေးခဲ့သည်။

ထို့ပြင် မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်း ပူးပေါင်းအဖွဲ့က မူဆယ်မြို့နာရီစင်အနီး၊ ဈေးကြီးရှေ့၊ မီးပွိုင့်လမ်းစုံအနီးနေရာများနှင့် အခြားလူအသွားအလာများသည့်နေရာများတွင် အုပ်စုခွဲ၍ နှာခေါင်းစည်းများ(Masks) "အခမဲ့" ဖြန့်ဝေပေးခြင်း **(အောက်ပုံ)**၊ ရေမလို လက်သန့်စင်ဆေးဖြင့် လက်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး အဆိုပါ အစီအစဉ်ကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**



### အမည်ပြောင်း

ဦးအောင်ငွေး- ဒေါ်ခင်သိန်းတို့၏ သမီး ဟသ်ာတမြို့နယ်၊ ဓမ္မိ အထက Grade-7 မှ မရွှေစင်အောင်အား မရွှေဇင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေဇင်ထက်**

## မိုးညှင်းမြို့နယ်၌ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မိုးညှင်း ဩဂုတ် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့ ရွာသစ်ကုန်း ကျေးရွာအုပ်စုအတွင်းရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ဩဂုတ်လ ဒုတိယပတ်က ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများကို ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနား တွင် မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က အမှာစကားပြောကြားပြီး စီမံကိန်းဝင် ကျေးရွာ ကိုးရွာတို့ကို တာဝန်ရှိသူများက ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ဦးဟံဝင်းအောင် ၉/နထက(နိုင်) ၁၀၂၄၅၆ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၂၉ သုမင်္ဂလာ၊ အမှတ်(၂၈)နေ ဦးအောင်ရွှေ (ဘ) ဦးလှအောင် ၉/မမန(နိုင်) ၀၀၀၈၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဟံဝင်းအောင် (ဘ) ဦးမောင်တင် ၉/နထက(နိုင်) ၁၀၂၄၅၆ နှင့်အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာခြင်း ပြုအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ရွှေနှင့် ၎င်း၏ မိသားစုပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(၆၈၁-ခ)၊ ကွင်းအမည်(ကွင်း-ပြင်)၊ ဦးပိုင်အမှတ်(N-9, N-10, N-14, N-15)၊ မြေစာရင်းအမှတ်တွဲ ၈/ မယ-၁(မလရ)၂၀၁၀-၂၀၁၁(မန္တလေး)၊ အမှတ်စဉ်(၄၇)အရ ဦးလှအောင် အမည်ဖြင့် လုပ်ပိုင်ခွင့်ချထားပေးသော မြေဧရိယာ (၄၁.၅၅)ဧကအနက်မှ မြေဧရိယာ(၃၂)ဧက၏ လုပ်ပိုင်ခွင့်အား လွှဲပြောင်းဝယ်ယူရန် အတွက် ဦးဟံဝင်းအောင်မှ စရန်ငွေပေးခဲ့ပြီးနောက် ကျန်ငွေများအား နောက်ဆုံးပေးချေ ရမည့် (၃၁-၁၂-၂၀၂၁)ရက်တွင် ဆက်လက်ပေးချေခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေမှ လူမှုရေးအရ ညှိနှိုင်းစောင့်ဆိုင်းပေးခဲ့သော်လည်း ယနေ့ အချိန်ထိ ဦးဟံဝင်းအောင်ဘက်မှ ကျန်ငွေများအား ဆက်လက်ပေးချေရန် ပျက်ကွက်ခဲ့ပါသဖြင့် စာချုပ်ပါ စည်းကမ်းချက်များအရ ပေးထားသော စရန်ငွေများ ဆုံးရှုံးပြီဖြစ်ကြောင်း ဦးဟံဝင်းအောင်အနေဖြင့် သိရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငွေအပြီးချေမည့်နေ့ရက်တွင် အပြီးချေရန် ပျက်ကွက် သည့်အချိန်မှစ၍ လုပ်ပိုင်ခွင့် လွှဲပြောင်းပေးခြင်းမှာ ပျက်ပြယ်သွားပြီဖြစ်သောကြောင့် ဦးဟံဝင်းအောင် ဆောင်ရွက်ထားသည့် ကိစ္စအရပ်ရပ်တို့သည် ဦးဟံဝင်းအောင်နှင့်သာ သက်ဆိုင်ပြီး ဦးဟံဝင်းအောင်ကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်ဖြစ်ကြောင်းနှင့် အထက်အဆိုပါမြေဧရိယာ (၃၂)ဧက၏ နဂိုမူလအတိုင်း တရားဝင် စီမံခန့်ခွဲပိုင်ခွင့် ရှိသူ သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်ရွှေနှင့် ၎င်း၏ မိသားစုသာဖြစ်သောကြောင့် ဦးဟံဝင်းအောင်နှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်းမရှိတော့ကြောင်း ဦးဟံဝင်းအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကုဋေထွန်း(LL.B)** | **ဦးချမ်းချမ်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၁၂) အထက်တန်းရှေ့နေ(စဉ်-၄၈၅၉၆)**

**အမှတ်(၁၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

**ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၂)၊ စီးပွားဇုန်၊ ဦးပိုင်အမှတ်(E-၉၉)၊ ဧရိယာ ၀ဒသမ ၂၂၀ ဧကရှိမြေကို ဦးကျော်ကောင်းမြတ်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6625 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူအောင် ၁၄/ကကတ(နိုင်)၁၆၉၇၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ(ဒုတိယအဆင့်)၊ တိုက်အမှတ်(၄)၊ အခန်း အမှတ်(၅၀၃)အမည်ပေါက် ဒေါ်သန်းနွဲ့ ၁၂/သဃက(နိုင်) ၁၄၆၂၁၆ အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေ ထိုင်ခွင့်မူရင်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ယင်းအခန်းအား ဝယ်ယူထားကြောင်း စာချုပ်စာတမ်းအထောက်အထားများဖြင့် ဒေါ်သိန်းသိန်းဆင့် ၁၂/သဃက(နိုင်)၁၇၅၁၄၂ က လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ် (၅၂)၊ ရွှေဝတ်မှုံ၊ ဦးပိုင်အမှတ်(၁၁၄/က)၊ ဧရိယာ ၀ဒသမ ၀၈၃ ဧကရှိမြေကို ဦးကျော်ကောင်းမြတ်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

### အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8(စနစ်သစ်)မှ ဦးအောင်စိုးနိုင် -ဒေါ်ကေသီခိုင်တို့၏သား မောင်လင်းထက်နိုင်အား မောင်လင်းသစ်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းသစ်နိုင်**

### အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3 မှ စောဘုန်းရောင်ခြည်၏ သမီး နော်ဆန်းဝင့်မေ အား နော် ဆန်းဝင့်မေရီဟု ပြောင်းလဲခေါ်ပါရန်။

**နော်ဆန်းဝင့်မေရီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း Expression of Interest (EOI) နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ(၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း RCC Damအတွက် ကွန်ကရစ်သွန်းလောင်းရာတွင် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီသည့် ဘိလပ်မြေနှင့် Admixture များအား စဉ်ဆက်မပြတ်ပေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အတွင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ခွင့်ပြုလုပ်ကိုင်လျက်ရှိသော တိုင်းရင်းသား / နိုင်ငံခြားသားလုပ်ငန်းရှင်များထံမှ စိတ်ဝင်စားမှုအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း (Expression of Interest – EOI) နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ(၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အကြောင်းကြားပါသည်–

| စဉ် | တင်ဒါအမှတ် | ပေးသွင်းရမည့်ပစ္စည်း | ပမာဏ | မှတ်ချက် |
|---|---|---|---|---|
| 1. | EOI NO. 001/DHPI/UYY(Cement)/2022–2023 | Cement | 46,800 Ton | |
| 2. | EOI No. 002/DHPI/ UYY(Admixture)/2022–2023 | Admixture | 885,500 kg | |

(က) **စတင်ရောင်းချမည့်ရက်** – (၁၅–၈–၂၀၂၂) ရက်၊ တနင်္လာနေ့
(ခ) **ရောင်းချမည့်အချိန်/နေရာ** – နံနက် (၁၀)နာရီမှ ညနေ(၁၅)နာရီအထိ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။
(ဂ) **တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** – (၃၀–၉–၂၀၂၂) ရက် (သောကြာနေ့) မွန်းလွဲ (၁၃:၀၀)နာရီမတိုင်မီ တင်သွင်းရမည်။
(ဃ) **တင်သွင်းရမည့်နေရာ** – အစည်းအဝေးခန်းမ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**Telephone : 009567–8104190, 009567–8104191**
**e–mail: procurement.dhpi@moee.gov.mm**

## အမည်ပြောင်း

ဦးကျော်စိန်ဝင်း ၁/မကန(နိုင်)၀၉၇၉၈၈၏သား မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း စတုတ္ထတန်း(A)မှ မောင်စိုင်းစိုင်းမောက်ခမ်းလော၀်အား မောင်စိုင်းမောက်ခမ်းလော၀်ဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိခိုင် ၅/၀လန(နိုင်)၁၈၂၃၅၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၆၅၉၈၇၃၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မာဌေး ၅/မကန(နိုင်)၀၇၈၃၀၆၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၅၅၉၇၃၅၅၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဒေါင်နော ၁/မကန(နိုင်)၁၉၄၇၀၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၅၆၃၃၅၆၃၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုဇင်ဖြိုးနိုင် ၅/အရတ(နိုင်)၁၄၀၃၆၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၂၅၉၄၉၉၈၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/30760 Honda Click 125 M/Cယာဉ်လက်ဝယ်ရှိသူ San Kar Hlaing Co., Ltdက(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4121 ယာဉ်လက်ဝယ်ရှိသူ ဦးဇခုံဝေတောင် ၁/မကန(နိုင်)၀၅၃၁၀၈က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## သင့်ကြောင့် မီး မလောင်ပါစေနှင့်

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ (၁၇)လမ်း၊ အကွက်အမှတ်–၁၅၆၅၊ ဦးပိုင်အမှတ် ဗိုလ်မှူးကြီးကျော်ဆွေဦး လေ/၁၇၉၁၊ မကွေးလေတပ်စခန်းဌာနချုပ် အမည်ပေါက်မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်တင်ကြူ ၈/မကန(နိုင်)၀၀၇၈၃၉ အမှတ်(၄၆)၊ အောင်စေတနာ(အေ)၊ ၉လမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့နေသူထံမှ ကျွန်မ ဒေါ်အိမွန်မွန်ဝင်း ၈/စလန(နိုင်)၁၆၂၀၅၈အနေဖြင့် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်လုံပြည့်စုံစွာဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမွန်မွန်ဝင်း**
**အမှတ်–၅၀၆၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ၅လမ်း၊ မကွေးမြို့၊**
**ဖုန်း–၀၉–၄၄၀၂၂၉၇၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၃၆/၁၊ ဝက်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၂၀/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိမြေကွက်အား ဦးချစ်ရန် အမည်ဖြင့် ၂၀–၃–၂၀၂၇ ရက် အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးချစ်ရန်မှာ ၂–၇–၂၀၁၈ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်မှ ၈–၁၁–၂၀၂၁ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၁၈၇/၂၀၂၁)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခင်ညွန့်ထံမှ ဒေါ်ဇင်မာထက်ထက်က ၁၀–၁၁–၂၀၂၁ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၉၂/၂၀၂၁)ဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့်ဒေါ်ဇင်မာထက်ထက် အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ၀ ဒသမ ၁၄၆ဧက၊ မြေကွက်အမှတ်(ဥ–၆၄၄၄) ဒေါ်နန်းဆိုင်ခမ်း(ဘ)ဦးစိုင်းအောင်ညွန့် ၁၃/သပန(နိုင်)၀၃၂၁၀၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ယယ်ယယ်ငြိမ်း(ဘ)ဦးဌေးမြင့် ၈/မဘန(နိုင်)၀၆၀၇၆၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ခြံအမှတ်–၄၁၄–အေ၊ ဦးပိုင်အမှတ်–၄၉၊ အိမ်အမှတ်–၁၄၉–ဂ ဟုခေါ်တွင်သော ဦးတင်မောင် ၁၂/ဒဂန(နိုင်)၀၂၀၀၆၀နှင့် ဒေါ်ခင်သန်း ၁၂/ဒဂန(နိုင်)၀၂၁၁၉၂ တို့ ဇနီးမောင်နှံမှ လက်ရှိထားပိုင်ဆိုင်ခဲ့သော အလျား ၂၀၀ ပေ x အနံ ၆၀ပေ အကျယ်ဝန်းရှိမြေကွက်အတွင်းမှ ဒေါ်နန်းလွင်လွင်ချို ၃/ဘအန(နိုင်)၀၀၅၇၄၀ လက်ရောက်ရရှိပိုင်ဆိုင်ထားသည့်(အလျား၁၄၀ ပေx အနံ ၂၀ ပေ)အကျယ်အဝန်းရှိ မြေကွက်အနက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးမြင့် ၁၂/ဒဂန(နိုင်)၀၂၀၈၄၃ ပိုင်ဆိုင်သည့် မြေကွက်နှင့်ကပ်လျက် အလျား ၉၀ပေx အနံ ၂၀ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးမြင့်မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ထားသည့် ၁၄ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးအောင်မျိုးမြင့်** | **ဦးဝေလင်းဌေး(LL.B,DIL)** |
| **၁၂/ဒဂန(နိုင်)၀၂၀၈၄၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၁၈/၂၀၁၂)** |
| | **အမှတ်–၅၆၁၊ (ပ)ထပ်၊ အခန်း–၁၀၁/၂၊ ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၀၉၉၀၉၈** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးနှင့် စာရင်းကိုင်–၄ ရာထူး လစာနှုန်း (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)၊ ရာထူး (၄၀)နေရာအတွက် အောက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်–

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။
(ခ) ၃၁–၇–၂၀၂၂ ရက်တွင်အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည့်အပြင် အသက်(၂၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်)
(ဃ) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်နှင့်အထက်ရှိရမည်၊
(င) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၀၀ ပေါင်နှင့်အထက်ရှိရမည်၊
(စ) ဆေးအဆင့် (က)ရှိရမည်၊ ကိုယ်အင်္ဂါချို့ယွင်းသူများမဖြစ်စေရ၊
(ဆ) ကိုဗစ်–၁၉ ကာကွယ်ဆေး (၂)ကြိမ်ထိုးပြီးသူဖြစ်ရမည်၊
(ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
(ဈ) နယ်ဘက်တရားရုံးများတွင် အမှုအခင်းကင်းရှင်းသူဖြစ်ရမည်၊
(ည) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်မှသာ လူတွေ့စစ်မေးခြင်း၊ ဆေးအဆင့်စစ်ဆေးခြင်းများ ဆက်လက် ပြုလုပ်မည်။

၄။ သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင်ရယူနိုင်သည်။ သတ်မှတ်လျှောက်လွှာပုံစံဖြင့်လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၅။ လျှောက်လွှာကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၂–၉–၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်–
(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)
(ခ) ဘွဲ့လက်မှတ်/ဘွဲ့ ထောက်ခံစာ(မိတ္တူ)
(ဂ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(င) အိမ်ထောင်စုစာရင်း (မိတ္တူ)
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာနှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက်(မူရင်း)၊
(ဆ) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊
(ဇ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊
(ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်၊
(ည) ကိုဗစ်–၁၉ ကာကွယ်ဆေး (၂) ကြိမ်ထိုးနှံပြီးသည့် အထောက်အထား၊

၇။ ဖြေဆိုခွင့်ရရှိသူများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၈။ စာရွက်စာတမ်း၊ သတ်မှတ်အရည်အချင်း၊ သတ်မှတ်အချက်အလက်များမပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်၊ နမ့်စန်–မိုးနဲ–မိုင်းတုံ–မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း) အတွက် လိုအပ်သော Steel Truss (24.5+128+48.5=201m) နှင့် ဆက်စပ်ပစ္စည်းများအား Steel Truss တံတားသံပေါင်များထုတ်လုပ်သော ပြည်တွင်းစက်ရုံများမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၁၇–၈–၂၀၂၂ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့် ရက် ၊ အချိန်** – ၃၁–၈–၂၀၂၂ ရက်၊ (၁၄:၀၀)နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်၊ အချိန်** – ၃၁–၁၀–၂၀၂၂ ရက်၊ (၁၆:၀၀)နာရီ
၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** – ထပ်မံအကြောင်းကြားပါမည်။
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်–

**မှတ်ချက်**။ တင်ဒါပုံစံဝယ်ယူခြင်းကို Onlineစနစ်(Mail Address: irsection2.dob.moctender@gmail.com) (သို့မဟုတ်) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေး ကျပ်(၅၀၀၀၀.၀၀)အား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD–012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း – ၀၆၇– ၄၀၇၅၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ–၃၁၄၃၂ )မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးခင်မောင် ၁၁/မပန(နိုင်)၀၁၈၄၂၉ (ဘ)ဦးမောင်မြ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ–၅၃၉၂) ဦးစိုင်းတစ်အောင် (ဘ)ဦးဟိုရီ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူဟိန်း ၉/တကတ(နိုင်)၀၀၁၁၃၃ (ဘ)ဦးခင်မောင်မြင့်မှ ကျိုင်းတုံမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈/၂၀၂၂ (၁၁–၁–၂၀၂၂)တင်ပြ၍ ဒေါ်မိုးသီတာ ၁၄/ဝခမ (နိုင်)၁၆၈၈၇၄ (ဘ)ဦးမိုးကြည် အမည်ဖြင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင်ချို့ယွင်း Power Transformer (၆)လုံးပြုပြင်ရန် နှင့် Truck with 2-Ton Crane (၁)စီးဝယ်ယူခြင်းတို့အားမြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁၅.၈.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ(၃၀.၈.၂၀၂၂)ရက်နေ့၊ (၁၄: ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။ ၀၁–၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

O–S–A–C Co.,Ltd မှတ်ပုံတင်အမှတ် (၁၂၄၀၆၈၉၅၉)သည် ၁၂–၈–၂၀၂၂ရက်တွင်ကျင်းပသည့် ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိရင်းနှီးမြှုပ်နှံငွေ ကျပ် ၁၀၀,၀၀၀ တန်၊ ၅၀၀စုမှ ၁၀၀,၀၀၀တန် ၊ ၅၀စုထိ အစုရှယ်ယာလျှော့ချပြီးဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**O–S–A–C COMPANY LIMITED**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန (စက်မှု/သွားလာဌာနခွဲ)တွင် လစ်လပ်လျက်ရှိသော လစာနှုန်း ကျပ်(၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) တန်း စက်ခေါင်းမောင်း(၅)ဆီလောင်း (၇၁)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် ၁၅–၉–၂၀၂၂ ရက်တွင် အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက(၃၅နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ(သို့မဟုတ်)THS အောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အမြင်အာရုံကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်/မျက်ကပ်မှန် တပ်ဆင်ထားသူများမဖြစ်စေရ။အရောင်ခွဲခြားသိမြင်နိုင်သူများဖြစ်ရမည်။(Colour Blind မဖြစ်စေရ)
(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား Website ဖြစ်သော www.Myanmarailways. gov.mm ၏ homepage တွင်download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု/သွားလာဌာနခွဲ၊) နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း) တိုင်းအမှတ်(၇) ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း) တိုင်းအမှတ်(၃) မန္တလေးရုံးတို့တွင် လည်းကောင်း ရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲတင်ပြရမည်။
(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)
(ဂ) မြန်မာနိုင်ငံစာစစ်ဌာနမှထုတ်ပေးသည့် အခြေခံပညာအထက်တန်းအောင်လက်မှတ်(သို့မဟုတ်)THS အောင်လက်မှတ်(မိတ္တူ)
(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြား(မိတ္တူ)
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးထံ လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ ၁၅–၉–၂၀၂၂ ရက် အရောက်ပေးပို့လျှောက်ထားရမည်။ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း)တိုင်းအမှတ်(၇)၊ ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း)တိုင်းအမှတ်(၃)၊ မန္တလေးရုံးတို့တွင်လည်း ၁၅–၉–၂၀၂၂ ရက် အရောက် ကိုယ်တိုင်ပေးပို့လျှောက်ထားနိုင်သည်။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံ(၃)ပုံနှင့်အတူ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် –

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၂၄–၉–၂၀၂၂ | မြန်မာစာ | နံနက် ၀၉:၀၀ နာရီမှ ၁၀:၀၀နာရီအထိ |
| (ခ) | ၂၄–၉–၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်၁၂:၀၀ နာရီမှ ၁၄:၀၀နာရီအထိ |
| (ဂ) | ၂၄–၉–၂၀၂၂ | အထွေထွေဗဟုသုတ | ညနေ ၁၅:၀၀ နာရီမှ ၁၇:၀၀နာရီအထိ |

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၂–၉–၂၀၂၂ ရက်မှ ၂၃–၉–၂၀၂၂ရက်အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အခြေခံပညာအထက်တန်း(သို့မဟုတ်)THS အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)တို့ကို ပြသ၍ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးတွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၇။ ရေးဖြေအောင်မြင်ပါက လူတွေ့ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး ရေးဖြေဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း၊ နေ့ရက်များကို လျှောက်လွှာပေးပို့လျှောက်ထားခဲ့သည့်ရုံးများ၌ ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၁၂)ပတ် တက်ရောက်ရမည်။

၉။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်) ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၆၇–၇၇၁၁၄၊ ၇၇၀၄၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခု ပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ဆက်လက်ရွေ့လျားနိုင်

**မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းတစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်**

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းခြေတို့ကို ဒီဂါမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိဿပြည်နယ်ကုန်းတွင်းပိုင်းတို့တွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ❖

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ခြောက်နိုင်ငံပြိုင်ပွဲ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့်အဲမ္ဘီတို့ ရွှေခါးပတ်ဆုရရှိ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ခြောက်နိုင်ငံပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမှ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် အဲမ္ဘီတို့ ရွှေခါးပတ်ဆု ရရှိခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ▼



ထွန်းထွန်းမင်း (မြန်မာ) နှင့် မွေထိုင်းချန်ပီယံ ဟန်တိုလီမာနီ (အီရန်) တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ဓာတ်မြေသြဇာတစ်အိတ် ငွေကျပ် ၃၁၅၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေး



ချောင်းဆုံ ဩဂုတ် ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် စပါးသီးနှံစိုက်ပျိုးမှုနှင့် မျိုးစေ့ထုတ်စိုက်ပျိုးရေး ကဏ္ဍတွင် လုပ်ကိုင်သည့် တောင်သူများ အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရ၏ ညွှန်ကြားမှုဖြင့် ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ (ပထမ)အကြိမ်အဖြင့် တောင်သူ ၂၅၈ ဦးကို ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၆၅၁၀၅ ဧက လျာထားဧကအနက် ဇူလိုင်လကုန်အထိ ၆၁၇၈၃ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၄* ◆

**ယနေ့ သတင်းအညွှန်း**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ - ၄

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**
ကျောင်းသင်ခန်းစာ စာ - ၁၄

**ဗိသနိုးမြို့ဟောင်းမှ အနုပညာလက်ရာမြောက် ပျူအရိုးအိုးများ**
ဆောင်းပါး စာ - ၁၆